


ဖွဲ့စည်းပုံအခြေခံဥပဒေ စာတမ်းတို

အမျိုးသမီးများသာတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန်းစစ်ချက် စာစဉ် ၄ ဇူလိုင်လ ၊ ၂၀၂၂ ခုနှစ်

## ဤစာစဉ်များနှင့် စပ်လျဉ်း၍

ဤ စာတမ်းတိုများသည် မြန်မာနိုင်ငံတွင် ဂျန်ဒါဆိုင်ရာ အားလုံးပါဝင်မှုရှိသော မူဝါဒနှင့် ဥပဒေများ ဖွံ့ဖြိုးတိုးတက်စေရေး ပါဝင်ဆောင်ရွက်ရန် စိတ်အားထက်သန်သူများအတွက် အတွေးအခေါ်သစ်များ ပေါ်ထွက်နိုင်ရန်နှင့်၊ နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရယူနိုင်ရန် ကမ္ဘာတစ်ဝန်းမှ ဥပမာများကို နှိုင်းယှဉ်လေ့လာဖော်ပြထားသည့် ၂၀၁၆ ခုနှစ်ထုတ် အမျိုးသမီးများ သာတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန်းစစ်ချက်ကိရိယာ (CAWE tool) ကို နိုင်ငံ၏ပကတိအခြေအနေနှင့် ဆက်စပ်ဖော်ပြရန် ရည်ရွယ်သည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန်ဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

# အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါတန်းတူညီမျှရေး

### ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာများ

Nathalie Ebead နှင့် Atsuko Hirakawa

## အကျဉ်းချုပ်

ဤစာတမ်းငယ်တွင် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အားလုံးပါဝင်မှုရှိရေး မဟာဗျူဟာများကို လေ့လာတင်ပြထားပါသည်။ စာတမ်းငယ်တွင် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲမှ ဒီမိုကရေစီ ဘက်တော်သားများ၏ အခန်းကဏ္ဍနှင့် တောင်းဆိုမှုများ အပါအဝင် မြန်မာနိုင်ငံရှိ ဂျန်ဒါ တန်းတူညီမျှရေးနှင့် အားလုံးပါဝင်မှုရှိရေးတို့နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများကို အထူးပြုတင်ပြထားပါသည်။ ထို့အပြင် တရားဝင်မှုရှိသော ကြားဖြတ်အစိုးရ၏ အဖွဲ့အစည်းယန္တရားများ မည်မျှအတိုင်းအတာအထိ ကျယ်ပြန့်စုံလင်မှုရှိပြီး၊ မွမ်းမံပြီးဖြစ်သော ဖယ်ဒရယ် ဒီမိုကရေစီပဋိညာဉ်တွင် ဂျန်ဒါရေးရာ၊ အားလုံးပါဝင်မှုရှိရေးတို့နှင့် ပတ်သက်၍ မည်သို့ ပြောကြားထားသည်ကို ဆန်းစစ်လေ့လာထားပါသည်။ ဤစာတမ်းငယ်သည် စာစဉ် လေးတွဲထုတ်ဝေမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ကျန်သုံးပိုင်းဖြစ်သည့် စာတမ်း အမှတ် ၁ *ဂျန်ဒါ တန်းတူညီမျှမှုအတွက် ထိရောက်စွာစည်းရုံးလှုံ့ဆော်ရေးလမ်းညွှန် (A Guide to Being an Effective Advocate for Gender Equality)*၊ အမှတ် ၂ *အနှစ်သာရပိုင်း တန်းတူညီမျှမှုနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု (Substantive Equality and Women’s Representation in Public Institutions)*၊ အမှတ် ၃ *မြန်မာနိုင်ငံတွင် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုကို တားဆီးခြင်း (Preventing Gender-Based Violence in Myanmar)* တို့ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းမှုမတိုင်မီက ရေးသားခဲ့ပါသည်။

## ၁။ မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါ တန်းတူညီမျှရေး တို့နှင့် ပတ်သက်သည့် စိန်ခေါ်မှုများမှာ အဘယ်နည်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုင်းရင်းသားစုံလင်ကွဲပြားမှု အမြင့်မားဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အစဉ်အလာအားဖြင့်လည်း ရှေးရိုးစွဲ၊ ဗိုဝါဒအားကောင်းရုံသာမက ကြီးစဉ်

ငယ်လိုက် လေးစားသမှုပြုရသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ပါ၍ အားလုံးပါဝင်မှု ရှိရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများသည် အချို့သောအုပ်စုများအတွက် သက်ရောက်မှုပြင်းထန်ပြီး ရှုပ်ထွေးလှသော စိန်ခေါ်မှုများလည်း ဖြစ်နေတတ်ပါသည်။ အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများသည် ပုံမှန်နိုင်ငံရေး လုပ်ငန်းစဉ်များ၏ အဓိကသက်ရောက်မှုနှင့် ဖယ်ကြဉ်မှုတို့ကို အဓိကခံစားကြရသူများဖြစ်ကြပြီး ဆယ်စုနှစ်ချီသော စစ်အာဏာရှင် အုပ်ချုပ်ရေးသည် အဆိုပါပြဿနာကို ပို၍ပင်ဆိုးဝါးစေခဲ့ပါသည်။ ဤသည်မှာ နိုင်ငံသားဖြစ်ပိုင်ခွင့်အပေါ် သက်ရောက်မှုရှိသော ခွဲခြားမှုအပါအဝင် မြောက်မြားစွာသော ကန့်သတ်တားဆီးမှုများကြောင့်ပင်ဖြစ်ပြီး အကျိုးဆက် အနေဖြင့် ၎င်းတို့၏ဘဝအပေါ် သက်ရောက်မှုရှိစေသည့် ဆုံးဖြတ်ချက်များကို ပြုလုပ်ရာတွင် ၎င်းတို့အနေဖြင့် များစွာ ပြောရေးဆိုခွင့် မရှိခြင်း၊ သို့တည်းမဟုတ် လုံးဝပါဝင်ခွင့်မရှိခြင်းတို့ကို ဖြစ်စေသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြသော်လည်း နိုင်ငံရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ ပြည့်ပြည့်ဝဝနှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ဖို့ရန်အတွက်မူ ဖွဲ့စည်းမှုပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းနှင့် တရား ဥပဒေပိုင်းတို့တွင် ကြီးစွာသောအတားအဆီးများ ရှိနေကြသေးသည်။ မြန်မာ့လူမှုသဘာဝမှာ ခွဲခြားမှုစံနှုန်းများဖြင့် ပျက်စီး လျက်ရှိပြီး ဂျန်ဒါဖြစ်တည်မှုသည် ရပိုင်ခွင့်ကိုသုံးစွဲရာတွင်နှင့် လူတစ်ယောက်၏အခွင့်အရေးများကို သတ်မှတ်ရာတွင် အဓိကအဆုံးအဖြတ်ပေးသည့် အကြောင်းတရားတစ်ရပ် ဖြစ်နေဆဲဖြစ်သည်။ မိဘသဖွယ် ချုပ်ချယ်ကွပ်ကဲတတ်သော အယူအဆနှင့် ရှေးရိုးစွဲတန်ဖိုးများကြောင့် အမျိုးသမီးများသည် အိမ်တွင်းအခန်းကဏ္ဍများတွင်သာ နေရာရတတ်ကြပြီး အများပြည်သူနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် ဖယ်ကြဉ်ခြင်းခံကြရလေ့ရှိသည် (Parmar 2021a)။ သာဓက အားဖြင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ် အရေအတွက် (၁၆ ရာခိုင် နှုန်း) သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ (၁၃ ရာခိုင်နှုန်း) ထက် ပိုမိုတိုးတက်လာခဲ့သော်လည်း ဂျန်ဒါဖြစ်တည်မှုတန်ဖိုးကို ပိုင်းဖြတ်သည့် ဖိုဝါဒီတန်ဖိုးများ၊ အမျိုးသမီးများပါဝင်ဆောင်ရွက်မှုကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပိုင်း ကျင့်ထုံးများကင်းမဲ့နေခြင်း အစရှိသည့် ခိုင်မာသောအတားအဆီးများမှာ ရှိနေဆဲ ဖြစ်ပါ သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အမုန်းတရားအခြေပြု ရာဇဝတ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်၊ LGBTQI(အမျိုးသမီး လိင်တူစုံမက်သူ၊ အမျိုးသားလိင်တူစုံမက်သူ၊ လိင်တူလိင်ကွဲစုံမက်သူ၊ လိင်ပြောင်း၊ နပုလိင် နှင့် ကြားလိင်) များ၏ ရပိုင် ခွင့်များကို ကာကွယ်ပေးမည့် ဥဒေပြဋ္ဌာန်းချက်တို့ မရှိသည့်အပြင် လိင်ပြောင်းလဲမှုကို အသိအမှတ်ပြုခြင်းလည်း မရှိပေ။ မြန်မာနိုင်ငံတွင် လိင်တူဆက်ဆံခြင်းကို တရားမဝင်ကြောင်း ၁၈၆၁ ခုနှစ်ကတည်းက စ၍ သတ်မှတ်ထားခဲ့သည်။ LGBTQI များနှင့် မသန်စွမ်းအမျိုးသမီးများသည် ခွဲခြားဆက်ဆံမှုကို နှစ်ဆတိုးမြှင့်ခံစားကြရပြီး ဖယ်ကြဉ်မှုကိုလည်း ထပ်တိုး ခံစားကြရသည်။ LGBTQI များအား လိင်ပိုင်းဆိုင်ရာထိပါးမှု၊ နှောက်ယှက်မှုနှင့် ညှင်းပန်းနှိပ်စက်မှုတို့မှာ ဖြစ်ရိုး ဖြစ်စဉ်ကိစ္စသာဖြစ်ပြီး ဖမ်းဆီးချုပ်နှောင်မှုပြုသည့်အခါ ပို၍အဖြစ်များသည်ကို တွေ့ရသည်။ လိင်ပြောင်းထားသူများ ၎င်း တို့၏ ဂျန်ဒါခံယူမှုအရ ပွင့်လင်းလွတ်လပ်စွာ ဝတ်စားနေထိုင်ပါက မြန်မာနိုင်ငံ တရားစီရင်ရေး စနစ်အရ မှောင်ရိပ်ခိုမှု ဖြင့် ဖမ်းဆီးခံရနိုင်ပါသည် (RFSL 2021)။

လူငယ်များ (အသက် ၁၅–၃၅) သည် မြန်မာနိုင်ငံ လူဦးရေ၏ ၃၃ ရာခိုင်နှုန်းရှိပြီး တစ်နိုင်လုံးအရ ပျမ်းမျှအသက် ၂၇ နှစ်ရှိသည်။ မြန်မာနိုင်ငံရှိ လူငယ်များသည် သမိုင်းအစဉ်အလာအရရော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ စစ် အာဏာသိမ်းမှုတွင်ပါ ဖိနှိပ်မှုနှင့် အာဏာရှင်စနစ်ကိုဆန့်ကျင်ကာ ထိပ်ဆုံးမှရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်လျက်ရှိကြသော်လည်း နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံရေးယန္တရားများတွင် ကိုယ်စားပြုမှု အလွန်တရာနည်းပါးလှပါသည်။ ဤသည်မှာ လူမှု ဓလေ့နှုန်းစံများနှင့် အမြင်များ၊ နိုင်ငံရေးအသိအမြင် နည်းပါးမှု၊ ငွေကြေးနှင့် လူမှုစီးပွားရေး အတားအဆီးများ၊ လူငယ် များ ပါဝင်ဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မရှိခြင်း အစရှိသည့် မြောက်မြားစွာ သော အတားအဆီးများကြောင့် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လူငယ် (အသက် ၃၅ နှင့် အောက်) ၈ ရာခိုင်နှုန်းသာ လွှတ်တော်အမတ်နေရာ ရွေးချယ်ခြင်း ခံခဲ့ကြရသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားဖြစ်မှုသည် ရှုပ်ထွေးပြီး နိုင်ငံရေးအရ အကဲဆတ်သော ကိစ္စရပ်ဖြစ်သည်။ တိုင်းရင်းသား ဇာတိသညာသည် နိုင်ငံသားဖြစ်မှုနှင့် ချိတ်ဆက်နေပြီး အခြေခံလူ့အခွင့်အရေးရရှိရန်နှင့် နိုင်ငံရေးလုပ်ငန်း

စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရစေရန် အဓိကအဆုံးအဖြတ်ပေးသည့် အကြောင်းတရားလည်းဖြစ်သည် (Parmar 2021c)။ ဗမာလူမျိုးများသည် လူဦးရေတစ်ရပ်လုံးတွင် အများဆုံးလွှမ်းခြုံပါဝင်ကြပြီး လူနည်းစုတိုင်းရင်းသားများသည် လူဦးရေတစ်ရပ်လုံး၏ ရာခိုင်နှုန်း ၃၀–၄၀ အထိ ပါဝင်ကြသည် (မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက် အကူပြုဌာန၊ ၂၀၁၄)။[၁] ဗမာများသည် ဗဟိုအစိုးရအဖွဲ့တွင် အမြဲတစေ အများဆုံးပါဝင်ကြပြီး တရားဝင်နိုင်ငံတော်အဖွဲ့ စည်းယန္တရားများတွင်လည်း အများစုဖြစ်ကြသည်။ ဤသို့ 'ဗမာဇာတ်သွင်းရေး' စီမံကိန်းကို နည်းလမ်းတကျ ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ခဲ့ကြရသည့် လူနည်းစုတိုင်းရင်းသားများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ သယံဇာတအရင်းမြစ် အကန့်အသတ်နှင့် ခွဲဝေမှု၊ ခွဲခြားဆက်ဆံမှု၊ ဘာသာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာဖိနှိပ်မှု အစရှိသည့် နိုင်ငံရေး ရပိုင်ခွင့်များနှင့်ပတ်သက်၍ နာကျည်းစရာများ ခံစားခဲ့ကြရသည် (Parmar 2021c)။ ဤသည်မှာလည်း ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် တိုက်ပွဲဝင်နေကြသည့် မြောက်မြားစွာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) များနှင့် တပ်မတော်တို့အကြား ဆယ်စုနှစ်ချီသော လက်နက်ကိုင်ပဋိပက္ခများနှင့် ခွဲထုတ်၍မရအောင် ဆက်စပ်နေပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပါ 'တိုင်းရင်းသား ၁၃၅ မျိုး' စာရင်းတွင် မပါဝင်သည့်၊ တိုင်းရင်းသားအရရော ဘာသာရေးအရပါ လူနည်းစုဖြစ်သည့်ရိုဟင်ဂျာများသည် နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံကြရသည့်အတွက် ရွေးကောက်ပွဲတွင် မဲပေးခွင့်၊ ပါဝင်ယှဉ်ပြိုင်ခွင့်များပါ မရရှိကြတော့ဘဲ ၂၀၁၇ ခုနှစ်တွင် လူ့အခွင့်အရေး အကြီးအကျယ်ချိုးဖောက်ခံရခြင်း၊ လူမျိုးတုန်းသတ်ဖြတ်ခံရခြင်းနှင့် လူအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းရခြင်းတို့ကိုပါ တွေ့ကြုံခံစားခဲ့ကြရသည်။ ၎င်းတို့အား အများနည်းတူ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်ခွင့်ရရှိစေရန် မည်သို့ဆောင်ရွက်ရမည်မှာလည်း မြန်မာနိုင်ငံတွင် အလွန်တရာအကဲဆတ်သော မေးခွန်းအဖြစ် ရှိနေပါသေးသည်။

၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှတိုက်တွင် အမျိုးသမီးများ ပထမဆုံးမဲပေးခွင့်ရသည့် နိုင်ငံများတွင် အပါအဝင်ဖြစ်ခဲ့ပြီး (Latt et al. 2017) ၁၉၉၅ ခုနှစ်တွင် ဘေဂျင်းကြေညာချက်နှင့် လမ်းညွှန်မူဘောင်ကို ထောက်ခံခြင်းဖြင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW) ကို လက်မှတ်ရေးထိုးခြင်းအားဖြင့်လည်းကောင်း ပြည်သူများ နိုင်ငံရေးလုပ်ငန်းစဉ်တွင် အပြည့်အဝ၊ တန်းတူညီမျှပါဝင်မှုကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ပြီးခဲ့သော ဆယ်နှစ်အတွင်း၌လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် များစွာသော ကတိကဝတ်များကို ပြုလုပ်ခဲ့ရာ အထူးသဖြင့် အားလုံးပါဝင်မှုရှိရေး၊ စုံလင်ကွဲပြားမှုနှင့် ဂျန်ဒါတန်းတူညီမျှရေးတို့အတွက် မြောက်မြားစွာသော နိုင်ငံတကာ လူ့အခွင့်အရေး ပဋိညာဉ်များတွင် လက်မှတ်ရေးထိုးခြင်း၊[၂] အမျိုးသားအဆင့် မူဝါဒများဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီက အားတက်ဖွယ်ရာ အစိုးရမူဝါဒများရှိခဲ့ကြပါသည်။ ၎င်းတို့အနက် ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးရပိုင်ခွင့်များကို အုပ်ချုပ်ရေးထိပ်ဆုံးအလွှာများတွင် မြှင့်တင်ရန်နှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင်ရှိ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ခေါင်းဆောင်မှုအစိတ်အပိုင်းများတွင် အမျိုးသမီးများ တန်းတူပါဝင်ဆောင်ရွက်ခွင့်ရရှိရေးကို ရည်ရွယ်ထားသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့် ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်ဆောင်ရွက်မှု၏ အရေးကြီးပုံကို ထပ်လောင်းအတည်ပြုပေးပြီး မြန်မာနိုင်ငံ လူငယ်များ၏ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အဆင့်မြှင့်တင်မည့် အစိုးရ၏ ကတိကဝတ်ကို ထင်ဟပ်စေသည့် အမျိုးသားအဆင့် လူငယ်မူဝါဒတို့ ပါဝင်ပါသည်။ အဆိုပါ ကတိကဝတ်များသည်

---

၁ ၁၉၇၄ ခုနှစ်တွင် တိုင်းခုနစ်ခု (တနင်္သာရီ၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်း) နှင့် ပြည်နယ် ခုနစ်ခု (ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းဟူ၍ ပြည်နယ်တစ်ခုချင်းစီမှ အများစုမဟုတ်သည့်တိုင် အတော်အတန် အုပ်စုကြီးမားသော လူမျိုးစုများ၏ အမည်ကိုစွဲ၍ နယ်မြေသတ်မှတ်) ပိုင်းခြားခဲ့ပါသည်။

၂ မြန်မာနိုင်ငံသည် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးစာချုပ် (CESCR) ကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (CRC-OP-AC) ကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်း၊ ညစ်ညမ်းရုပ်ပုံများဆိုင်ရာ နောက်ဆက်တွဲစာချုပ် (CRC-OP-SC) ကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRPD) ကို ၂၀၁၁ ခုနှစ်တွင် လည်းကောင်း အတည်ပြုပါဝင်ခဲ့ပြီး ဖြစ်သည် (OHCHR n.d.)။

စာရွက်ပေါ်မှာသာရှိနေပြီး လက်ဆုပ်လက်ကိုင်ပြနိုင်စရာ မည်သည့်ရလဒ်ကိုမှ မထွက်ပေါ်စေခဲ့ချေ။ အာဏာသိမ်းမှုဖြစ်ပွားသည့်အခါ ၎င်းမူဝါဒများလည်း လက်ရှိအခြေအနေတွင် ထိရောက်မှုလည်းမရှိ၊ ကိုက်ညီမှုလည်း မရှိတော့ပေ။

## ၂။ အာဏာသိမ်းမှုနောက်ပိုင်း အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုအတွင်းမှ အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများ၏ အခန်းကဏ္ဍများနှင့် တောင်းဆိုမှုများမှာ အဘယ်နည်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော စစ်အာဏာသိမ်းမှုဖြင့် နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့ရာမှစ၍ ဒီမိုကရေစီတော်လှန်ရေးဖြစ်ပွားခဲ့ရာ ပြည်သူများသည် လူထုအုံကြွဆန္ဒပြမှုများ၊ အကြမ်းမဖက်အာဏာဖီဆန်မှု (CDM)နှင့် အလုပ်သမား သပိတ်များမှတစ်ဆင့် ထကြွဆန့်ကျင်ခဲ့ကြပြီး မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို အပြောင်းအလဲဖြစ်ပေါ်စေခဲ့သည်။ ဤအချက်သည် အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များ၊ လူနည်းစုတိုင်းရင်းသားများနှင့် စပ်လျဉ်း၍ အားလုံးပါဝင်မှုရှိရေး၊ စုံလင်ကွဲပြားမှုနှင့် တန်းတူညီမျှမှု အရေးကိစ္စများအပေါ် ကြီးမားသောသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

CDM သည် နိုင်ငံရေး ကင်းရှင်းပြီး အခြေခံလွတ်လပ်ခွင့်များအပေါ်အခြေခံသည့် ပါဝင်မှုအခြေခံကျယ်ပြန့်သော ဒီမိုကရေစီလှုပ်ရှားမှု ဖြစ်သည်။ ၎င်းလှုပ်ရှားမှုတွင် အရပ်ဖက်အဖွဲ့အစည်းမှ ဆောင်ရွက်သူများ၊ အစိုးရဝန်ထမ်းများ၊ တက္ကသိုလ်များ၊ ကျောင်းသားများအပြင် စက်ရုံအလုပ်ရုံများနှင့် ကြေးနီသတ္တုတွင်းများ အစရှိသည့် ပုဂ္ဂလိကလုပ်ငန်းများလည်း ပါဝင်ကြသည်။ နိုင်ငံရေးပါတီကြီးများ သို့မဟုတ် အဖွဲ့အစည်းကြီးများမှ သီးခြားလွတ်လပ်စွာ လှုပ်ရှားသည့် CDM လှုပ်ရှားမှုသည် အင်အားကြီးသော နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုသစ်တစ်ရပ်ကို ကိုယ်စားပြုပြီး အထူးသဖြင့် လူငယ်များကို ဆွဲဆောင် စည်းရုံးနိုင်စွမ်းရှိသည် (International IDEA 2021b) ။

မြန်မာလူငယ်များ (အထူးသဖြင့် Generation Z) သည် နိုင်ငံအဝှမ်း လူထုဆန္ဒပြမှုများကို ဦးဆောင်ခဲ့ကြပြီး သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးအတွင်း ထောက်ခံမှုအခိုင်အမာရရှိခဲ့ကြသည်။ နိုင်ငံတစ်လွှားမှ ကျန်းမာရေးဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများသည် တစ်မျိုးသားလုံးအဆင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြရာ ဒါဇင်ချီသော အစိုးရဆေးရုံများနှင့် အစိုးရယန္တရားများမှ ဝန်ထမ်းများက အလုပ်သမားသပိတ်များ ဆင်နွှဲခဲ့ကြသည်။ CDM လှုပ်ရှားမှုသည် မကြုံစဖူး လူထုထောက်ခံမှုရရှိခဲ့ပြီး ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုပေးရန်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင်များကို လွှတ်ပေးရန် နိုင်ငံလုံးကျွတ် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ သပိတ်မှောက်လူငယ်များသည် ကနဦးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသော ရွေးကောက်ခံကိုယ်စားလှယ်များကို လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြရာမှ တဖြည်းဖြည်းနှင့် နောက်ပိုင်းတွင် ၎င်းတို့၏ တောင်းဆိုချက်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေးတို့တွင် ပေါင်းဆုံမိလာသည်။ ၎င်းတို့သည် အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးကို တောင်းဆိုနေကြသည်ဖြစ်ရာ ဤသည်မှာ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ သွားလာပိုင်ခွင့်နှင့် အနုပညာနှင့် ယဉ်ကျေးမှုတို့မှ တစ်ဆင့် ထုတ်ဖော်ပြသနိုင်ခွင့် အစရှိသော အခြေခံလွတ်လပ်ခွင့်များနှင့် ဆက်စပ်လျက်ရှိသည်။ ၎င်းတို့ မျှော်မှန်းကြသည်မှာ ပို၍ သာတူညီမျှရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး နိုင်ငံရေးခေါင်းဆောင်များ၏ အသိအမှတ်ပြုမှု တိုးပွားလာစေရေးနှင့် ကြားဖြတ်အစိုးရ၏ ယန္တရားများ ဦးဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ အပါအဝင် နိုင်ငံရေးလုပ်ငန်းစဉ်များအားလုံးတို့တွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်မည့်နေရာ ကျယ်ပြန့်လာစေရေးပင်ဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်းနှင့် နှစ်ပေါင်းကြာရှည် ပဋိပက္ခများအတွင်း ကျူးလွန်ခဲ့ကြသည့် ရက်စက်ကြမ်းကြုတ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် အကူးအပြောင်းကာလ တရားမျှတမှုဖော်ဆောင်ရေး လုပ်ငန်းစဉ်တစ်ရပ်နှင့်တကွ တာဝန်ခံမှုရှိစေရေးနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အစဉ်အလာကို အဆုံးသတ်ရေးကိုပါ ရေရှည်မျှော်မှန်းချက်အနေဖြင့် လူငယ်များမှတောင်းဆိုလျက်ရှိကြသည်။ အာဏာသိမ်းမှုနောက်ပိုင်းကာလအတွင်း မူဝါဒဦးစားပေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့တွင် တိတိကျကျ ရှိမနေသေးသော်လည်း ပညာရေးစနစ် အရည်အသွေးမြှင့်တင်ပေးရန်၊ အသက်မွေးမှုဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

တိုးပွားအောင် ပြုလုပ်ပေးရန်နှင့် မူဝါဒရေးရာလွှမ်းမိုးနိုင်ဖို့ရာ နိုင်ငံသားနှင့် နိုင်ငံရေးထိတွေ့ဆက်ဆံမှုပိုမို ရရှိစေရန် တို့ကိုမူ အရေးဆိုလျက်ရှိကြသည်။

ရွှေဝါရောင်သံဃာတော်များ ကွန်ယက်နှင့် NLD အပါအဝင် အဖွဲ့ ၂၅ ဖွဲ့မှ ပါတီဝင်များဖြင့် ဖွဲ့စည်းထားသည့် အထွေထွေ သပိတ်ကော်မတီများနှင့် လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီတို့ကိုလည်း အတိုက်အခံ လှုပ်ရှားမှု အတွင်းနှင့် ပုဂ္ဂလိက ကဏ္ဍအတွင်းတွင် ပူးပေါင်းဆောင်ရွက်မှုရစေရန် အဓိကရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြသည်။ လူမျိုး ပေါင်းစုံ အထွေထွေသပိတ်ကော်မတီသည် သက်ဆိုင်သူများနှင့် အစုအဖွဲ့များအားလုံး လက်ခံထားသင့်သည့် ရည်ရွယ် ချက်များကို ထုတ်ပြန်ပေးခဲ့ပြီး ၎င်းတို့မှာ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊ အာဏာရှင်စနစ်ဖျက်သိမ်းရန်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန်နှင့် တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံသော ဖယ်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုထူထောင်ရန်တို့ ဖြစ်ကြသည် (Wah 2021)။

အမျိုးသမီးများသည် ဆန္ဒပြသူအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုပြီး CDM လှုပ်ရှားမှုတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ CDM လှုပ်ရှားမှုကို ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ ကျန်းမာရေး ဆရာဝန်များနှင့် အမျိုးသမီးအများစုဖြစ်သည့် သူနာပြုများမှစတင်ခဲ့ကြရာ အစိုးရဝန်ထမ်းများကြား ကျယ်ပြန့်လာခဲ့ပြီး စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိက ကဏ္ဍအထိပါ ပျံ့နှံ့လာခဲ့သည်။ အထည်ချုပ် အလုပ်သမများနှင့် သမဂ္ဂခေါင်းဆောင်များမှာမူ ဆန္ဒပြမှုများနှင့် နိုင်ငံသားများ ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်များ (PDF) တွင် အဓိက ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ကြသည်။ အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် ကာကွယ်တိုက်ပွဲဝင်ကြ သူများနှင့် အမျိုးသမီးအရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များမှလည်း ဒီမိုကရေစီအုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန် တောင်းဆိုနေကြပြီး စစ်အာဏာသိမ်းမှုကိုရုတ်ချရန် နိုင်ငံတကာအသိုင်းအဝိုင်းအား အရေးဆိုလျက်ရှိကြသည်။ အမျိုး သမီးများ တက်ကြွစွာပါဝင်လှုပ်ရှားကြသည့်အခါ မြန်မာ့တပ်မတော်အနေဖြင့် အမျိုးသမီးများကို ခြောက်လှန့်ရန် လိင် အခြေပြု နည်းဗျူဟာများ အသုံးပြုလာသည့်အတွက် များစွာသောအမျိုးသမီးတက်ကြွလှုပ်ရှားသူများမှာ ဖမ်းဆီးခံကြရ သလို၊ တိမ်းရှောင်ပုန်းအောင်းနေရခြင်းလည်း ရှိလာကြသည်။ အန္တရာယ်များလာသည့်အလျောက် အာဏာရှင်စနစ် အမြစ်ပြတ်ရေးနှင့် ဂျန်ဒါ တုံ့ပြန်ဆောင်ရွက်မှု အားကောင်းသော ဖယ်ဒရယ် ဒီမိုကရေစီစနစ် တည်ဆောက်ရေးဟူသော ရည်ရွယ်ချက်များဖြင့် အမျိုးသမီးမဟာမိတ်အဖွဲ့ (WAC) မြန်မာကဲ့သို့သော အမျိုးသမီးကွန်ယက်များကို ကြားကာလ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ထဲတွင် ဖွဲ့စည်းလာခဲ့ကြသည်။ Sisters2Sisters ညီအမချင်း သွေးစည်းညီညွတ်ရေး လှုပ်ရှားမှုမှာလည်း မြန်မာ့စစ်တပ်မှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒပြသူများအပေါ် စနစ်တကျ ကျူးလွန်လျက်ရှိသည့် လိင်ပိုင်းဆိုင်ရာ အနိုင့်အထက်ပြုကျင့်မှုများနှင့် ဖိနှိပ်မှုများကို အများသိမြင်လာစေရန် နှင့် တာဝန်ခံမှုရှိလာစေရန် ရည်ရွယ်ချက်ဖြင့် များမကြာမီကဖွဲ့စည်းခဲ့သည့် အမျိုးသမီးကွန်ယက်တစ်ခုဖြစ်သည်။

စစ်မှန်ပြီး အားလုံးပါဝင်မှုရှိသော ဖယ်ဒရယ်ပြည်ထောင်စုတစ်ရပ်ကို အမျိုးသမီးများ မျှော်မှန်းလျက်ရှိကြပြီး မဖြေရှင်းနိုင်သေးသော ပဋိပက္ခ၏အရင်းမြစ်များကို ကိုင်တွယ်ဖြေရှင်းစရာ နည်းလမ်းတစ်ရပ်ဟု ယူဆကြသည်။ ကြား ကာလအစိုးရအဖွဲ့အစည်းယန္တရားများ ဦးဆောင်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် နေရာပိုဖွင့်ပေးရန်လည်း အမျိုးသမီးများက တောင်းဆိုလျက်ရှိကြသည်။ အမျိုးသမီးများတွင် မူဝါဒဆိုင်ရာ ဦးစားပေးကိစ္စရပ်များ တိတိကျကျရှိကြပြီး ၎င်းတို့တွင် အမျိုးသမီးများအား အိမ်တွင်းကိစ္စရပ်များ၌သာနေရာပေးခြင်း၊ ပြည်သူ့ရေးရာလုပ်ငန်းများတွင် ဖယ်ကြဉ်ထားခြင်းနှင့် ဖိနှိပ်ထားခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် လိင်အခြေပြုအကြမ်းဖက်မှုများ တိုက်ဖျက်ရန်တို့ ပါဝင်ပါသည်။ အဆိုပါ ဦးစားပေးကိစ္စရပ်များကို ကိုင်တွယ်ရန်အတွက် ဥပဒေသစ်များ၊ မူဝါဒသစ်များနှင့် ထိရောက်အားကောင်းသော ယန္တရား များကို တည်ထောင်ပြဋ္ဌာန်းပေးရန် အမျိုးသမီးများက တောင်းဆိုလျက် ရှိကြပါသည်။

များစွာသော LGBTQI များမှ အာဏာရှင်ဆန့်ကျင်ရေး သက်တံရောင်သင်္ကေတများဖြင့် ပြောင်ပြောင်တင်းတင်း ဆန္ဒပြကြသော်လည်း အများစုမှာမူ လုံခြုံရေးအရ ဒီမိုကရေစီတောင်းဆိုရာတွင် လူသတိမထားမိအောင် နေကြသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် LGBTQI များနှင့် ပတ်သက်၍ နှုတ်အား၊ လိင်အား၊ ရုပ်အားဖြင့် တရားမဲ့ပြုကျင့်တတ်သည့် ထုံးစံရှိပါသည်။ ရဲသားနှင့် စစ်သားများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အနေအထားတွင် CDM ဆန္ဒပြသူများ ဖြစ်ကြ

သည့် LGBTQI များအနေဖြင့် ထင်ရာစိုင်းဖမ်းဆီးခံရနိုင်ခြေ အလွန်များနေပြီး ကျူးလွန်သူများနှင့် ကျူးလွန်မှုကို ဘေးကင်းလုံခြုံစွာ တိုင်ကြားရန်မှာလည်း အလွန်အမင်းခက်ခဲလာပါသည်။ LGBTQI နိုင်ငံသားလူငယ်မျိုးဆက်မှာ လူနည်းစုတိုင်းရင်းသားများနှင့် ပြည်နယ်ဒေသများမှဖြစ်ကြပြီး ထွန်းသစ်စ LGBTQI လှုပ်ရှားမှုကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများထက် ကျော်လွန်ပြန့်နှံ့အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံအဝှမ်းရှိ LGBTQI များစုရုံးမှုရှိလာကြပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ဒီမိုကရေစီ ရရှိအောင် အရေးဆိုလာကြသည် (Poore 2021)။

စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်ကြသော နိုင်ငံနှင့်အဝှမ်း ဆန္ဒပြမှုများသည် လူမျိုးပေါင်းစုံ (ဗမာနှင့် လူနည်းစုတိုင်းရင်းသားများ)၊ ဘာသာပေါင်းစုံ (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်ဆလင်နှင့် ဟိန္ဒူ) ကို တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်လာစေခဲ့သည်။ ယခင်အစိုးရ လက်ထက်တွင် မဲပေးခွင့်လည်းမရ၊ အသိအမှတ်ပြုခြင်းလည်းမခံခဲ့ရသော ရိုဟင်ဂျာများ အပါအဝင် လူနည်းစုတိုင်းရင်းသားများ/လူမျိုးစုများကိုယ်တိုင်လည်း အာဏာသိမ်းမှုကိုကန့်ကွက်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ထောက်ခံကြသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားကြသော EAO ဆယ်ဖွဲ့မှလည်း တပ်မတော်နှင့် ညှိနှိုင်းဆွေးနွေးခြင်း မပြုကြတော့ချေ။ ၎င်း EAO များမှ CDM နှင့် ပြည်သူလူထု၏ ဆန္ဒပြမှုများကို ထောက်ခံကြောင်း၊ အရပ်သား ဒီမိုကရေစီအင်အားစုများသည်သာလျှင် တရားဝင်အစိုးရဖြစ်ကြောင်း၊ တပ်မတော်အား လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကို လက်ငင်းရပ်တန့်ရန်နှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများ အားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရန် တောင်းဆိုချက်များကို ထုတ်ပြန်ကြေညာခဲ့ကြသည်။

EAO များနှင့် တပ်မတော်ကြားမှ ကာလရှည်ကြာပဋိပက္ခ၊ လူအများစုဖြစ်သော ဗမာလူမျိုးများနှင့် ယခင် NLD အစိုးရအပေါ် အချို့သော လူနည်းစုတိုင်းရင်းသားအုပ်စုများ၏ မကျေနပ်ချက်များကို စဉ်းစားကြည့်မည်ဆိုပါက အာဏာသိမ်းမှုသည် တိုင်းရင်းသားအုပ်စုများကြား မတူညီမှုများကိုဖယ်ရှားပြီး စည်းစည်းလုံးလုံးဖြင့် ဘုံရန်သူကိုတိုက်ခိုက်ရန် အခွင့်ရေးတစ်ရပ်ပင် ဖြစ်သည်။ EAO များ အပါအဝင် တိုင်းရင်းသားအုပ်စုများကြား မဟာမိတ်ဖွဲ့စည်းမှုအသစ်ပေါ်ထွန်းလာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံတော်တည်ဆောက်ရေးကို အုပ်စုပေါင်းစုံမှ ပြည်သူများက သဘောတူညီမှုဖြင့် အားလုံးပါဝင်မှုရှိရေးကို ဗဟိုချက်ထား၍ ဘုံရည်မှန်းချက်ဖြစ်သော ဖယ်ဒရယ် ဒီမိုကရေစီစနစ်ဆီသို့ လျှောက်လှမ်းကြခြင်းသည် မြန်မာ့နိုင်ငံရေး အခင်းအကျင်းအတွက် အရွေ့တစ်ခုပင်ဖြစ်သည်။

## ၃။ အားလုံးပါဝင်မှုရှိရေး၊ ဂျန်ဒါ တန်းတူညီမျှမှုတို့နှင့် စပ်လျဉ်း၍ ဖယ်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်တွင် မည်သို့ဖော်ပြထားပါသနည်း။

၂၀၂၁ ခုနှစ် ဧပြီလတွင် ပထမဆုံးအကြိမ်အဖြစ် CRPH မှ ထုတ်ပြန်ခဲ့သည့် ဖယ်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် (FDC) တွင် ဒီမိုကရေစီစနစ်ကျင့်သုံးသော၊ တန်းတူညီမျှ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကိုအာမခံသော ဖယ်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတစ်ရပ်ကို ထူထောင်ရန်ဟူသော ပန်းတိုင်နှင့် ရည်ရွယ်ချက်များကိုဖော်ပြခဲ့ပါသည် (FDC 2021)။ ပဋိညာဉ်တွင် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွက် မျှော်မှန်းချက်နှင့် တန်ဖိုးများ၊ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် အဆင့်များဟုဆိုရမည့် နိုင်ငံရေးလမ်းပြမြေပုံတစ်ရပ် ပါရှိသည်။ ထို့အပြင် ပဋိညာဉ်တွင် ဒီမိုကရေစီရပိုင်ခွင့်များ၊ ဂျန်ဒါ တန်းတူညီမျှမှုနှင့် အခြေခံလူသားရပိုင်ခွင့်များ၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စုပေါင်းခေါင်းဆောင်မှု၊ စုံလင်ကွဲပြားမှု၊ လူမှုသဟဇာတဖြစ်မှု၊ သွေးစည်းညီညွတ်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး၊ လူနည်းစုရပိုင်ခွင့်များ အကာအကွယ်ပေးရေးတို့ကို ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ တန်ဖိုးများအဖြစ် သတ်မှတ်ပြီး ကြားကာလအစိုးရအဖွဲ့အစည်းယန္တရားမှချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် မူဝါဒများတွင် ထင်ဟပ်နေစေရန်နှင့် နောင်ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်တွင်ပါဝင်စေရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။

ပဋိညာဉ်ပါ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ အားလုံး၏ အခန်းကဏ္ဍကိုလည်း ပဋိညာဉ်တွင် အသိအမှတ်ပြုထားပါသည်။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေး

ပါတီများ၊ CDM၊ သပိတ်ကော်မတီများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် CSO များနှင့် EAO များပါ အတူတကွ ပူးပေါင်းလက်တွဲပြီး စုပေါင်းစွမ်းအားဖြင့် ပဋိညာဉ်ပါမျှော်မှန်းချက်ကို အကောင်အထည်ဖော်ကြရန် တိုက်တွန်းထားပါသည် (FDC 2021) ။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်သူ့ညီလာခံတွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ အရပ်ဘက် အဖွဲ့အစည်းပေါင်းစုံ၊ နိုင်ငံရေး ပါတီပေါင်းစုံနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ကော်မတီများ အပါအဝင် ဒီမိုကရေစီတိုက်ပွဲ ပါဝင်ဆင်နွဲနေကြသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တက်ရောက်ခဲ့ကြပြီး မွမ်းမံတည်းဖြတ်ထားသည့် ပဋိညာဉ်ကို အတည်ပြုခဲ့ကြပါသည်။ မွမ်းမံတည်းဖြတ်ထားသည့် ပဋိညာဉ်တွင် ဂျန်ဒါ တန်းတူညီမျှမှုနှင့် ကလေးသူငယ်ရပိုင်ခွင့်များ အပါအဝင် အခြေခံလူသားရပိုင်ခွင့်နှင့် လူမှုရေးရပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင် လူမျိုး၊ ဘာသာ၊ လိင်၊ မသန်စွမ်းမှုနှင့် လိင်တိမ်းညွတ်မှုအပါအဝင် မည်သည့်အချက်ကိုမှအခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရန်လည်း တားမြစ်ထားသည်။ လူတိုင်း ပညာသင်ကြားပိုင်ခွင့်နှင့် တိုင်းရင်းသား ဘာသာစကားသုံး ပညာသင်ကြားရေး၊ ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ဓလေ့ထုံးတမ်းကျင့်ထုံးများနှင့် အမျိုးသားရေး ဇာတိသရုပ်ကို ကာကွယ်ထိန်းသိမ်းပိုင်ခွင့် အစရှိသော စုပေါင်းရပိုင်ခွင့်များကိုလည်း အသိအမှတ်ပြုထားသည်။ အားလုံးပါဝင်မှုရှိရေးအတွက် လူနည်းစုအခွင့်အရေး ကာကွယ်ထိန်းသိမ်းရေးကော်မရှင်၊ အမျိုးသမီး ရပိုင်ခွင့်နှင့် ဂျန်ဒါ တန်းတူညီမျှရေးကော်မရှင်၊ မသန်စွမ်းသူများဆိုင်ရာ ကော်မရှင်နှင့် လူငယ်ကော်မရှင်တို့ အပါအဝင် ကော်မရှင်များစွာကိုဖွဲ့စည်းပြီး တာဝန်များပေးအပ်ထားပါသည်။

မွမ်းမံတည်းဖြတ်ထားသော ပဋိညာဉ်တွင် လူနည်းစု တိုင်းရင်းသားများအားလုံး လူမှု-စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရပိုင်ခွင့်များကို တန်းတူညီမျှခံစားကြရစေမည်ဟု အာမခံထားသည်။ လူနည်းစု တိုင်းရင်းသားများနှင့် အမျိုးသမီးများအတွက် တန်းတူညီမျှရေး အစီအမံအနေဖြင့် အထူးရပိုင်ခွင့်များကို အလေးပေးဖော်ပြထားရာ နောင်လာမည့် ဒီမိုကရေစီယန္တရားများ၏ ဆုံးဖြတ်ချက်ပြုလုပ်သည့် အစိတ်အပိုင်းပေါင်းစုံတို့တွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း အချိုးကျပါဝင်စေရမည်ဟုလည်း အတိအလင်းဖော်ပြထားသည်။ လူနည်းစုတိုင်းရင်းသားများ နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်နိုင်စေဖို့ရာ အခွင့်အလမ်းများ ပိုမိုဖွင့်ပေးရန်ကို အဓိကဖော်ပြထားပြီး အဆိုပါ တန်းတူညီမျှရေးအစီအမံကို ကဏ္ဍအားလုံးတွင် ကျင့်သုံးစေရမည်ဟုလည်း ဖော်ပြပါရှိသည်။ တန်းတူညီမျှရေးအစီအမံ လုပ်ထုံးလုပ်နည်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အကောင်အထည်ဖော်မှုပိုင်း (လွှတ်တော် အမတ်နေရာခွဲတမ်း အစရှိသည်ဖြင့်) မှာမူ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်နေကြသည့် ဒီမိုကရေစီ လှုပ်ရှားဆောင်ရွက်သူများကြားတွင် အသေးစိတ် ဆက်လက်ဆွေးနွေးရင်း အခြေခံဥပဒေဒီဇိုင်းပုံစံ ရွေးချယ်ရာတွင် ချိန်ဆကြရမည်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် မွမ်းမံတည်းဖြတ်ထားသော ပဋိညာဉ်ပါ ရပိုင်ခွင့်များကို ပိုမိုတိကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအဖြစ် အသွင်ပြောင်းရန်လိုအပ်ပါသည်။ သို့မှသာ ပဋိညာဉ်ပါ နိုင်ငံရေးလမ်းပြမြေပုံ၏ မူဘောင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ကျင့်သုံးနိုင်မည်ဖြစ်သည်။ နိုင်ငံရေး လမ်းပြမြေပုံအရ ကြားကာလတွင် NUCC သည် ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး မွမ်းမံတည်းဖြတ်ထားသော ပဋိညာဉ်ကို အခြေတည်၍ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမည်ဖြစ်သည်။ အနာဂတ် အသွင်ကူးပြောင်းရေးကာလအပိုင်းအခြားတစ်ခုတွင် တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုမည်ဖြစ်သည်။

## ၄။ ကြားကာလ အစိုးရအဖွဲ့အစည်းယန္တရားများဖြစ်ကြသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တို့သည် ဘက်စုံထောင့်စုံမှ ပါဝင်ဖွဲ့စည်းမှု မည်မျှအထိ အားကောင်းပါသနည်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသော စစ်အာဏာသိမ်းမှုသည် ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြယ်သွားစေပြီး အသုံးပြု၍မရနိုင်လောက်အောင် ဖြစ်သွားစေသည်။ ပြည်သူများ၏ အံ့ကြွဆန့်ကျင်မှုနှင့် တစ်ပြိုင်နက်တည်းမှာပင် ကြားကာလ အစိုးရအဖွဲ့အစည်းယန္တရားများသည်လည်း အာဏာသိမ်းမှုကိုအံတုသည့်အနေဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးဟူသော ရည်မှန်းချက်ကို အတိအလင်းကိုင်စွဲပြီး ပေါ်ထွန်းလာခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်း၏ တခဲနက်ထောက်ခံမှုဖြင့် CRPH ကို ဖွဲ့စည်းခဲ့ကြသည် (Committee Representing Pyidaungsu Hluttaw n.d.)။ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပေါ် ဒီမိုကရေစီနည်းကျအပ်နှင်းထားသည့် အခွင့်အာဏာကိုကျင့်သုံးပြီး ဖယ်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဒီမိုကရေစီအင်အားစုများ ညွန့်ပေါင်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ကြားကာလအစိုးရတစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့ရာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ သက်ဆိုင်ရာပုဂ္ဂိုလ်များ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ကြပါသည်။ ယခုအခါ CRPH တွင် အဖွဲ့ဝင် ဦးရေ ၂၀ ရှိပြီး အမျိုးသမီး သုံးဦး ပါဝင်လျက်ရှိကာ တစ်ဦးမှာ ဝန်ကြီးအဖွဲ့ဝင်ဖြစ်သည်။[၃] CRPH အဖွဲ့ဝင်သုံးဦးမှာလူငယ်များ (အသက် ၃၅ နှစ်နှင့် အောက်) ဖြစ်ကြပြီး ငါးဦးမှာ ဗမာမဟုတ်သော တိုင်းရင်းသားလူနည်းစုထဲမှ ဖြစ်သည်။ မတူညီသော မူဝါဒနယ်ပယ် အသီးသီးအတွက် လက်ရှိ CRPH တွင် ကော်မတီရှစ်ခု ဖွဲ့စည်းထားပါသည်။[၄]

NUG တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန (MOWYCA) တစ်ခုအပြင် မြန်မာ့သမိုင်းတွင် ပထမဆုံးဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနတစ်ခုလည်း ပါရှိသည်။ MOWYCA၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့တွင် အမျိုးသမီးများကို ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော LGBTQI ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခြင်း အစရှိသည့် ဝန်ကြီးဌာနများဖွဲ့စည်းပုံကိုကြည့်ပါက အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါတန်းတူညီမျှရေးအပေါ် NUG အစိုးရ မည်မျှ အလေးအနက်ထားဆောင်ရွက်သည်ကို မြင်နိုင်ပါသည်။ NUG သည် ဒုတိယ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဖယ်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးရာထူးများတွင် လူနည်းစုတိုင်းရင်းသားကိုယ်စားလှယ်များကို ခန့်အပ်ပေးထားပါသည်။ သမ္မတ၊ ယာယီသမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပြင် ဝန်ကြီးဌာန ၁၇ ခု၏ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများရာထူး ပါဝင်သော NUG ၏ ထိပ်တန်းရာထူး ၃၇ ခုအနက် ၉ ခု (၂၄ ရာခိုင်နှုန်း) ကို အမျိုးသမီးများမှ တာဝန်ယူထားသည့်အတွက် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် အချက်ဖြစ်ပါသည် (Myanmar, Republic of the Union of, National Unity Government ၊ n.d.)။

ပဋိညာဉ်ပါ အားလုံးပါဝင်မှုရှိရေး၊ တန်းတူညီမျှရေး မျှော်မှန်းချက်များနှင့် စပ်လျဉ်း၍မူ ရိုဟင်ဂျာများအပေါ် ယခင်က ကျူးလွန်ခဲ့သည့် မတရားမှုများကို NUG မှ အသိအမှတ်ပြုခဲ့ပြီး ၂၀၁၆/၂၀၁၇ ခုနှစ် တပ်မတော်မှ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာအစုအဖွဲ့များအပေါ် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကာကွယ်မပေးနိုင်ခဲ့သည့်

---

၃ CRPH ၏ တရားဝင် ဝဘ်ဆိုဒ် စာမျက်နှာမှ International IDEA ၏ MyConstitution programme ကိုယ်တိုင် ရယူစုဆောင်းထားသော (ထုတ်ဝေခြင်းမပြုသည့်) သတင်းအချက်အလက်များ <https://crphmyanmar.org> ။

၄ ကော်မတီရှစ်ခုမှာ ဥပဒေရေးရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ၊ ဘဏ္ဍာရေးရာကော်မတီ၊ ပြည်သူ့ရေးရာကော်မတီ၊ ဖက်ဒရယ်ရေးရာကော်မတီ၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ ကော်မတီတို့ ဖြစ်ကြပါသည်။

အတွက်လည်း လူသိရှင်ကြားတောင်းပန်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် NUG မှ မူဝါဒကြေညာချက်တစ်စောင်ထုတ်ပြန်၍ ရိုဟင်ဂျာများ၏ နိုင်ငံသားရပိုင်ခွင့်ကို အသိအမှတ်ပြုပြီး ၎င်းတို့၏နိုင်ငံသားဖြစ်မှုကို ပယ်ဖျက်ထားသည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကိုလည်း ပဋိညာဉ်ပါ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လမ်းညွှန်အခြေခံမူများနှင့်အညီ ပယ်ဖျက်သင့်ကြောင်း ဖော်ပြထားသည်။ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများနှင့် ပတ်သက်သည့်မူဝါဒရပ်တည်ချက်တွင် "ပြည်ထောင်စုတွင်နေထိုင်သူ … လူမျိုးတိုင်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တစ်သီးပုဂ္ဂလ အခွင့်အရေးများနှင့် လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်ရှိရမည်" ဟု အထူးအလေးပေးဖော်ပြထားသည် (NUG 2021a)။ ယင်းမူဝါဒအရ နိုင်ငံသားဥပဒေသစ်တွင် နိုင်ငံသားဖြစ်မှုသည် မြန်မာနိုင်ငံတွင်မွေးဖွားခြင်း သို့မဟုတ် မည်သည့်နေရာတွင်ဖြစ်စေ မြန်မာနိုင်ငံသားမိဘများမှ မွေးဖွားသူဖြစ်ခြင်းကို အခြေခံစေရမည်။ NUG သည် ခွဲခြားဆက်ဆံမှုမှန်သမျှကို လုံးဝလက်ခံမည်မဟုတ်ပဲ "ရိုဟင်ဂျာများနှင့် အခြားပြည်သူတို့အပေါ် သမိုင်းတလျှောက် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ အပြစ်ရှိသည့် စစ်တပ်၏ တာဝန်ခံမှုများဖော်ဆောင်နိုင်ရန်နှင့် တရားမျှတမှုနှင့် ဆုံးရှုံးနစ်နာခဲ့ရမှုများအတွက် ကုစားမှုများကို လူတိုင်းရရှိခံစားနိုင်ရန်အတွက် အထူးလုပ်ဆောင်သွားမည်ဖြစ်သည်" (NUG 2021a)။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ၂၀၀၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော နိုင်ငံတကာရာဇဝတ်မှုများအားလုံးနှင့် စပ်လျဉ်းပြီး နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ စီရင်ပိုင်ခွင့်ကို သဘောတူကြောင်း လက်ခံလွှာကို NUG က တရားဝင်တင်သွင်းခဲ့သည် (NUG 2021b)။ လူမျိုးတုန်းသတ်ဖြတ်မှုပင် မြောက်နိုင်စရာရှိသည့် ရိုဟင်ဂျာများ ဖိနှိပ်သတ်ဖြတ်မှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ မြန်မာနိုင်ငံအပေါ်စွဲချက်များကို ခုခံချေပလိုသည့် တပ်မတော်၏ လွှမ်းမိုးမှုမကင်းသော NLD အစိုးရ၏ ယခင် ရပ်တည်ချက်နှင့် နှိုင်းစာပါက ဤလုပ်ရပ်မှာ မှတ်ကျောက်တင်ရမည့်ကိစ္စပင် ဖြစ်သည်။ စုံလင်ကွဲပြားသော ပြည်သူများ၏ မတူခြားနားမှုများကို အသိအမှတ်ပြုပြီး လူစုံတက်စုံပါဝင်သော မြန်မာပြည်ထူထောင်ရန်နှင့် ရခိုင်ပြည်နယ်မှ အုပ်စုအားလုံးနှင့်လက်တွဲပြီး ပြည့်စုံလုံလောက်သော မူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် NUG ၏ သန္နိဋ္ဌာန်ချ ဆောင်ရွက်မှုမှာ NUG နှင့် ၎င်းကိုယ်စားလှယ်များ ထုတ်ပြန်သည့် ကြေညာချက်များထဲတွင် အထင်အရှားတွေ့ရပါသည် (NUG 2021c)။

NUCC တွင် လွှတ်တော်ကိုယ်စားလှယ်များ/CRPH၊ နိုင်ငံရေးပါတီများ၊ EROများ၊ CSOများ၊ CDM သပိတ်ကော်မတီများနှင့် ပြည်နယ်/ဖယ်ဒရယ်ယူနစ်အလိုက် အတိုင်ပင်ခံကောင်စီများ အစရှိသည်ဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းပေါင်း ၃၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားပါသည်။ CSO နှင့် CDM ကိုယ်စားလှယ်များမှာ ဂျန်ဒါ တန်းတူညီမျှရေးနှင့် အားလုံးပါဝင်မှုရှိရေးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပြီး ERO များ၊ တိုင်းရင်းသားပါတီများနှင့် ပြည်နယ်/ဖယ်ဒရယ်ယူနစ်အလိုက် အတိုင်ပင်ခံကောင်စီများမှာမူ မြန်မာနိုင်ငံရှိ လူနည်းစုတိုင်းရင်းသား အစုအဖွဲ့များကို ကိုယ်စားပြုပေးကြပါသည်။ ဒီမိုကရေစီအရေးတွင် အဓိကကျသူများ ပါဝင်စေရေးဟူသော ပဋိညာဉ်ပါ ကတိကဝတ်ဖြင့် အတိအလင်းဖွဲ့စည်းထားသည့် တစ်ခုတည်းသော ကြားကာလအဖွဲ့အစည်းဖြစ်သည့်အလျောက် NUCC သည် အားလုံးပါဝင်မှုရှိရေးအတွက် ပဓာနကျသော စုဖွဲ့မှုလည်း ဖြစ်ပါသည်။ NUG ၏ ဖယ်ဒရယ် ပြည်ထောင်စုရေးရာ ဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ ကော်မရှင်မှနေ၍ လူနည်းစုတိုင်းရင်းသားပေါင်းစုံ၊ အမျိုးသမီး CSO များနှင့် လူငယ်ခေါင်းဆောင်များ အပါအဝင် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားရန်လည်း စီစဉ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၂၉ ရက်အထိ အွန်လိုင်းတွင် NUCC မှ ကြီးမှူးပြီး ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့ညီလာခံတွင် အဖွဲ့ဝင် ၅ ဦးပါ နိုင်ငံရေးဦးဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ၎င်းဦးဆောင်အဖွဲ့တွင် တစ်ဦးတည်းသော အမျိုးသမီးလည်းဖြစ်၊ အသက်အငယ်ဆုံးအဖွဲ့ဝင်လည်းဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) ၏ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်လည်း ပါဝင်ပါသည် (Connell 2022)။ ပြည်သူ့ညီလာခံသည် အမျိုးသမီးအဖွဲ့များ၊ လူငယ်နှင့် လူနည်းစုတိုင်းရင်းသားများအရေးကို ဆောင်ရွက်လျက်ရှိကြသည့် CSO များ အပါအဝင် NUCC တွင် ကိုယ်စားပြုပါဝင်သည့် အစုအဖွဲ့ငါးဖွဲ့ အတူတကွ အလုပ်လုပ်ကိုင်သည့် မျက်နှာစာတစ်ခုဖြစ်သည် (ပုံ ၁ တွင်ရှု)။

ပုံ ၁။ ဖယ်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် ညှိနှိုင်းဆွေးနွေးရာတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများ




ရည်ညွှန်း။ International IDEA, MyConstitution programme, 2022.

## ၅။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစု တိုင်းရင်းသားများ ပါဝင်မှု မြင့်မားစေရေးအတွက် မဟာဗျူဟာများ

ဘက်ပေါင်းစုံပြီး တန်းတူညီမျှသော နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်နှင့် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ ကြားကာလအစိုးရယန္တရားများ ထည့်သွင်းစဉ်းစားနိုင်စရာ မဟာဗျူဟာများကို နောက်ဆက်တွဲ အပိုင်းများတွင် မီးမောင်းထိုးပြထားပါသည်။

### ၅.၁ အားလုံးပါဝင်မှုရှိသော နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့် အားကောင်းစေရေး

**အားလုံးပါဝင်မှုရှိသော တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းများ / လုပ်ငန်းစဉ်များနှင့် အင်စတီကျူးရှင်း ဖွဲ့စည်းမှု / လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် နိုင်ငံရေးဘက်စုံလွှမ်းခြုံမှုရှိစေခြင်း**

မြန်မာပြည်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် CRPH၊ NUG နှင့် NUCC တို့ ဦးဆောင်သည့် နိုင်ငံရေး လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်လျက်ရှိကြသည့် အုပ်စုအားလုံးအပြင် အထူးသဖြင့် အမျိုးသမီး၊ လူငယ်၊ လူနည်းစု တိုင်းရင်းသားများနှင့် ပွင့်လင်းသောတွေ့ဆုံဆွေးနွေးမှုများ၊ နှီးနှောတိုင်ပင်မှုများ ပြုလုပ်ရေးကို အလေးပေး ဆောင်ရွက်သင့်ပါသည်။ ဘက်ပေါင်းစုံ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုသည် အခြေခံကျသော နိုင်ငံရေးနှင့် ဒီမိုကရေစီရပိုင်ခွင့် ဖြစ်ရုံမျှသာမက တည်ငြိမ်အေးချမ်းသော အသိုက်အဝန်းများ ထူထောင်ရေး၊ မတူခြားနားသော အုပ်စုများမှ သီးခြားစီဖြစ်သော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများပေါ်ထွန်းလာစေရေးတို့အတွက် အလွန်တရာ အရေးကြီးပါသည်။ အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများအနေဖြင့် လုပ်ငန်းစဉ်အားလုံးတွင် ထိတွေ့ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပဋိညာဉ်အသက်ဝင်စေရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် လမ်းပြမြေပုံ သတ်မှတ်ပေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲရေး၊ ဥပဒေများ ပြန်လည်သုံးသပ်ရေးနှင့် မူဝါဒများ ပုံဖော်ရေးတို့တွင်လည်း ပြောရေးဆိုခွင့်ရှိရပါမည်။ ဤအတွက်ကြောင့်ပင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အခွင့်အလမ်းနည်း အုပ်စုများ၏ အသံများကို ကြားနိုင်စေရန်နှင့် တစ်စုတစ်စုတည်းဖြစ်လာစေရန် NUG အနေဖြင့် NUCC နှင့် အနီးကပ်

လက်တွဲအလုပ်လုပ်ရပါမည်။ NUG နှင့် CRPH တို့ အနေဖြင့် လူနည်းစု တိုင်းရင်းသားများ၊ EAO များ၏ ယုံကြည်လက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိအောင် ဆောင်ရွက်ရပါမည်။ ဤအချက်သည် တော်လှန်ရေးအောင်မြင်စေရန်နှင့် စစ်အာဏာသိမ်းမှုကိုချေမှုန်းရန် အခရာကျသောကိစ္စဖြစ်ပါသည်။

မူဝါဒပိုင်းဦးစားပေးနယ်ပယ်များ လက်တွေ့ဖြစ်လာစေရေးအတွက် သတ်မှတ်ချက်များပြုလုပ်ရန်၊ ပုံဖော်ရန်နှင့် စည်းရုံးရန်အတွက် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း အားကောင်းလာသည့် အမျိုးသမီးအစုအဖွဲ့များ၊ CRPH နှင့် NUG အပါအဝင် မြန်မာနိုင်ငံအတွင်း ရှိပြီးသား အမျိုးသမီးအစုအဖွဲ့များကိုအခြေခံကာ အမျိုးသမီး မဟာမိတ်အဖွဲ့ (WAC) မြန်မာကဲ့သို့သော အမျိုးသမီးကွန်ယက်များဖြင့်ပူးပေါင်းပြီး အမျိုးသမီး အစည်းအရုံး/ကောင်စီတစ်ခု ထူထောင်ဖို့ရာ စဉ်းစားသင့်ပါသည်။ အခြားနိုင်ငံများ၏ အတွေ့အကြုံများအရ ဤသို့သော စုဖွဲ့မှုများရှိခြင်းဖြင့် ပါတီများကြားပူးပေါင်းဆောင်ရွက်နိုင်ပြီး အခြားသောဂျန်ဒါတန်းတူညီမျှရေး အရေးဆိုလှုပ်ရှားသူများနှင့် လက်တွဲလုပ်ကိုင်နိုင်ခြင်းတို့ကြောင့် လွှတ်တော်ကို တစ်စုံတစ်ရာလွှမ်းမိုးနိုင်သည်ကို တွေ့ရသည်။ ဆားဗီးယားနိုင်ငံတွင် လွှတ်တော်တွင်းရှိ ပါတီများအားလုံးမှ အမျိုးသမီးအမတ်များပါဝင်သည့် အမျိုးသမီးလွှတ်တော်ကွန်ယက်သည် ဂျန်ဒါတုံ့ပြန်မှု အားကောင်းသောဘတ်ဂျက်ရေးရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းရန်နှင့်၊ အမျိုးသမီးများနှင့် အမျိုးသားများကြား တန်းတူညီမျှရေးနှင့် ပတ်သက်၍ စိတ်ကျေနပ်ဖွယ်ရာမရှိသော ဥပဒေတစ်ရပ်ကို ပယ်ဖျက်ရန် လွှတ်တော်အား အောင်မြင်စွာစည်းရုံးနိုင်ခဲ့သည် (UNDP 2016)။

အလားတူပင် CRPH နှင့် NUG တို့ အနေဖြင့်လည်း (၄၀ ရာခိုင်နှုန်းအစိုးရနှင့် ၆၀ ရာခိုင်နှုန်း လူငယ် ကိုယ်စားလှယ်များ ပါဝင်သော) လူငယ်ရေးရာကော်မတီ (YAC) ၏ ဆောင်ရွက်ချက်အပေါ်အခြေခံ၍ တည်ဆောက်နိုင်ပါသည်။ YAC ကို လူငယ်မူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်အားဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အစိုးရအသိအမှတ်ပြုခံရသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လူငယ်ကိုယ်စားပြု အဖွဲ့အစည်းတစ်ရပ်ဖြစ်သည် (Search for Common Ground 2018)။ နောက်ထပ် သာဓကတစ်ခုမှာ သီရိလင်္ကာ လူငယ်လွှတ်တော်ဖြစ်ပြီး (နိုင်ငံအဝှမ်းရှိ လူငယ်အဖွဲ့အစည်းများနှင့် အသင်းများမှ အဖွဲ့ဝင်ပေါင်း ၅၀၀,၀၀၀ ကျော်မှ ရွေးကောက်တင်မြှောက်ထားသော) အဖွဲ့ဝင် ၃၃၅ ဦး ပါဝင်ကာ တစ်လနှစ်ကြိမ် တွေ့ဆုံကြသည်။ လူငယ်ဝန်ကြီး ၃၀ မှ အမျိုးသားအဆင့် ဝန်ကြီးဌာနများတွင် ပါဝင်လျက်ရှိကြပြီး အလုပ်လုပ်ရန် နေရာရကြသည်။ လူငယ်လွှတ်တော်အမတ်များသည်လည်း အမျိုးသားလွှတ်တော်ရှိ ကော်မတီများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြသည် (UNDP 2013)။ CRPH ကော်မတီများ၊ NUG ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် လူငယ်များ၏အသံကို ထိထိရောက်ရောက်နားဝင်စေရန် အလားတူဖွဲ့စည်းမှုမျိုးကို စဉ်းစားနိုင်ပါသည်။

သမိုင်းအစဉ်အဆက် ကိုယ်စားပြုမှု အားနည်းခဲ့သော လူနည်းစုတိုင်းရင်းသားများ (အထူးသဖြင့် ရိုဟင်ဂျာများ) ၏ အကျိုးစီးပွားကို မြှင့်တင်ရေးအတွက် အကြံပေးရန် တာဝန်အပ်နှင်းထားသည့် အထူးကော်မရှင်များဖွဲ့စည်းရန်လည်း လိုအပ်ပါသည်။ သာဓကအားဖြင့် နီပေါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားအဆင့် အားလုံးပါဝင်မှုရှိစေရေး ကော်မရှင်နှင့် အထူးကော်မရှင်များကိုဖွဲ့စည်းပြီး အာဒီဘာရှီ ဂျာနာဂျတီ၊ မာဒီစီ၊ သာရူနှင့် ဒဲလတ် လူမျိုးများ၊ မွတ်ဆလင်များနှင့် အမျိုးသမီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုစေပါသည် (Parmar 2021c)။

NUCC တွင် ဘက်ပေါင်းစုံ ပါဝင်ဖွဲ့စည်းမှုနှင့် အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့် ပုံစံရှိသည့်အတွက် ကိုယ်စားပြုမှုအားနည်းသောအုပ်စုများ၏ အသံများကို နားဝင်အောင်ပြုလုပ်ရန် ကြိုးပမ်းသင့်သည်။ သို့သော်လည်း လူနည်းစုတိုင်းရင်းသားများနှင့် အခြားသော အခွင့်အလမ်းနည်းအုပ်စုများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရန်မှာ အင်စတီကျူးရှင်းဖွဲ့စည်းမှုနှင့် လုပ်ထုံးလုပ်နည်းပိုင်းတွင်လည်း အားစိုက်ကြိုးပမ်းရန် လိုအပ်ပါသေးသည်။ NUCC အနေဖြင့် ၎င်း၏စောင့်ကြည့်လေ့လာရေး ယန္တရားအသုံးပြုကာ လျာထားချက်များနှင့် အစီအစဉ်များ အပါအဝင် ရှင်းလင်းပြတ်သားသော ရလဒ်များကို မူဘောင်ချမှတ်၍ မွမ်းမံတည်းဖြတ်ထားသော ပဋိညာဉ်ပါ ဘက်ပေါင်းစုံမှ ပန်းတိုင်များကို ဆိုက်ရောက်ရေးအတွက် ကြိုးပမ်းရာတွင် NUG နှင့် CRPH ကို တာဝန်ခံမှုရှိစေရန် ဆောင်ရွက်သင့်ပါသည်။ အဆိုပါ ရည်ရွယ်ချက်အတွက် ဒေတာများကောက်ယူခြင်း၊ သီးခြားအုပ်စုခွဲခြင်းတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်ရပါမည်။

## ဥပဒေပြုရေးမဏ္ဍိုင်အတွက် အဓိက ပြင်ဆင်ချက်များ

လူတစ်ဦးချင်းစီ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့်နှင့် စွမ်းရည်ကို အဓိက အဆုံးအဖြတ်ပေးသည့် အရာတစ်ခုမှာ နိုင်ငံသားဖြစ်မှုပင် ဖြစ်သည်။ သို့ဖြစ်ပါ၍ NUG မှ အလေးအနက် ပြောကြားခဲ့သည့်အတိုင်း ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ၎င်းဥပဒေအား ကျင့်သုံးပုံတို့ကို ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ NUG အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရည်ညွှန်းဖော်ပြထားသည့် ရှေးဆန်လွန်းပြီး သက်သေပြစရာလည်းမရှိသော 'တိုင်းရင်းသား ၁၃၅ မျိုး' စာရင်းကို ပယ်ဖျက်သင့်ပြီး မြန်မာနိုင်ငံအတွင်းရှိ အုပ်စုအားလုံးပါဝင်ရေးကို အာမခံချက်ပေးနိုင်မည့် နိုင်ငံသားဥပဒေသစ် တစ်ရပ် ပေါ်ထွက်လာစေရေးအတွက် ခြေလှမ်းများသတ်မှတ်ပေးနိုင်ရန် အားလုံးပါဝင်မှုရှိသော နှီးနှောတိုင်ပင်မှုများ ပြုလုပ်သင့်ပါသည်။ ဤတွင် ဗမာမဟုတ်သော လူမျိုးစုများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ အာမခံချက် ပိုမိုရရှိစေရေးအတွက် ၎င်းတို့၏ တိုင်းရင်းသားဇာစ်မြစ်ကို ပြောင်းလဲပစ်ရသည်အထိ ဖြစ်စေခဲ့သော သမိုင်းစဉ်ဆက် "ဗမာဇာတ်သွင်းမှု" ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ရိုဟင်ဂျာများ နိုင်ငံသားဖြစ်ခွင့် အပြည့်အဝရရှိစေရေးနှင့် ခွဲခြားဆက်ဆံခံရမှု ပပျောက်ရေးဟူသော ပုစ္ဆာအတွက် အဖြေရှာရန်မှာ ထိခိုက်မှုရှိခဲ့သော အစုအဖွဲ့များအားလုံး (အထူးသဖြင့် ရိုဟင်ဂျာများနှင့် ရခိုင်အစုအဖွဲ့များ) ကို တိုင်ပင်ဆွေးနွေးမှုပြုလုပ်ရာတွင် ပါဝင်စေသင့်ပြီး နိုင်ငံသား ဥပဒေသစ် တစ်ရပ် ရေးဆွဲရာတွင်လည်း ၎င်းတို့၏ ရပ်တည်ချက်များကို ထင်ဟပ်စေသင့်ပါသည်။

ယုံကြည်ကိုးစားလောက်ပြီး အုပ်စုခွဲထားသော ဒေတာများမရှိခြင်းမှာလည်း မြန်မာ့နိုင်ငံရေး ပါဝင်ဆောင်ရွက်မှုအတွက် ကြီးစွာသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဤသို့သော ဒေတာများမရှိသည့်အတွက် အခွင့်အလမ်းနည်း အုပ်စုများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုကို ခြေရာခံစောင့်ကြည့်ရန် ခက်ခဲစေသည်။ သို့ဖြစ်ပါ၍ CRPH နှင့် NUG တို့ အနေဖြင့် ဥပဒေများကြည့်ရှုစစ်ဆေးရာတွင်နှင့် ပြင်ဆင်ရာတွင် အစိုးရအဖွဲ့အစည်းယန္တရားများကို ရေရှည်အတွက် ရည်ရွယ်၍ ဒေတာများကောက်ခံစေပြီး ဂျန်ဒါ၊ အသက်အရွယ်နှင့် တိုင်းရင်းသားအုပ်စုများအလိုက် ပိုင်းခြားထားခြင်းဖြင့် နိုင်ငံရေး ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ကို ဆန်းစစ်လေ့လာနိုင်စေပြီး အားလုံးပါဝင်မှုရှိရေးနှင့် တန်းတူညီမျှရေး ကိုရှေ့ရှုသည့် အစီအမံများကိုလည်း ချောမွေ့အောင်ဆောင်ရွက်လာနိုင်စေမည် ဖြစ်သည်။

**CDM/CSO များအနေဖြင့် ဦးစားပေးကိစ္စရပ်များ သတ်မှတ်လာနိုင်စေရန်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ ပါဝင်နိုင်စေရန် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း**

အားလုံးပါဝင်မှုရှိသော နိုင်ငံရေးပါဝင်ဆောင်ရွက်မှု အားကောင်းစေရန်အတွက် နောက်ထပ် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းပင် ဖြစ်ပါသည်။ စစ်အာဏာသိမ်းမှုနောက်ပိုင်း ပေါ်ထွက်လာသည့် CDM လှုပ်ရှားမှုတွင် မြန်မာနိုင်ငံအဝှမ်းကို ကိုယ်စားပြုနိုင်သော အုပ်စုပေါင်းစုံ ပါဝင်ကြပါသည်။ အမျိုးသမီးများနှင့် လူငယ်များ အုံလိုက်ကျင်းလိုက် စုရုံးပါဝင်လာကြပြီး လူနည်းစုတိုင်းရင်းသားအစုအဖွဲ့များမှလည်း စည်းလုံးညီညွတ်မှု ပြသလာကြသည်။ ဤဖြစ်စဉ်သည် သမိုင်းတွင် မကြုံစဖူး ထူးကဲလှသည့် လူထုလှုပ်ရှားမှုမှ မြန်မာ့နိုင်ငံရေး လမ်းကြောင်းနှင့် ဖြစ်စဉ်အပေါ် သြဇာလွှမ်းမိုးမှုကို သရုပ်ပြသလျက်ရှိသည်။ သို့သော်လည်း CDM သည် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့မဟုတ်သလို လှုပ်ရှားမှုအနေဖြင့်လည်း ခေါင်းဆောင် သတ်သတ်မှတ်မှတ်မရှိပေ။

CDM လှုပ်ရှားမှုဘက်မှ ကိုယ်စားပြုပုဂ္ဂိုလ်များကို NUCC တွင် တရားဝင် နည်းလမ်းတကျ ပါဝင်စေခြင်းအားဖြင့် ၎င်းတို့သည် နောင်လာမည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် သက်ဆိုင်သော ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ကိစ္စရပ်များတွင် ပါဝင်လာကြမည့် သဘောဖြစ်သည်။ မည်သို့ပင်ဆိုစေ CDM တွင် အုပ်စုပေါင်းစုံ ကိုယ်စားပြုပါဝင်လျက် ရှိသည့်အတွက် CDM လှုပ်ရှားမှုအနေဖြင့် ၎င်း၏ ဦးစားပေးကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်သာမက NUCC အတွင်း CDM ကိုယ်စားပြု ပါဝင်နေကြသူများအတွက် တောင်းဆိုချက်များ တင်ပြနိုင်ရန်နှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် လမ်းပြမြေပုံနှင့် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကိစ္စရပ်များအပါအဝင် ဆွေးနွေးပွဲများတွင် သြဇာသက်ရောက်မှုရှိစေရန် အရေးကြီးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်များတွင်လည်း အလားတူ စုံလင်ကွဲပြားမှုနှင့် ဘက်စုံပါဝင်မှုရှိစေရပါမည်။

International IDEA မှ CSO များ၊ အခြားသော CDM ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့်အင်တာဗျူးများအရ အမျိုးသမီးများအနေဖြင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပပျောက်ရေးအတွက် ဥပဒေများနှင့် မူဝါဒများဖော်ဆောင်ရေးနှင့် လုပ်ထုံးလုပ်နည်း ယန္တရားများတည်ဆောက်ရေး အစရှိသော ဦးစားပေးကဏ္ဍများကို ဖော်ထုတ်ပြောဆိုခဲ့ကြသည်။ ထို့ထက်ကျယ်ပြန့်စွာ ပြောဆိုကြသည်မှာ အမျိုးသမီးများ၏ ရပိုင်ခွင့်များနှင့် ဘက်စုံလွှမ်းခြုံသော ဘာသာစကား အသုံးပြုမှုကို အာမခံချက်ပေးနိုင်ပြီး ဂျန်ဒါရေးရာ တုံ့ပြန်မှုအားကောင်းသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးနှင့် အမျိုးသမီးများနှင့် အမျိုးသားများကြား အနှစ်သာရပြည့်ဝသော တန်းတူညီမျှမှုကို ကာကွယ်မြှင့်တင်ပေးနိုင်မည့် အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များကို ဖန်တီးရေးဖြစ်သည်။ လူငယ်များကမူ တရားမျှတမှုနှင့် တန်းတူညီမျှရေးကို လိုလားကြသော်လည်း ဦးစားပေးကိစ္စရပ်များကို ကဏ္ဍအလိုက်သတ်မှတ်ဖော်ပြရန် လိုအပ်နေသေးသည်။ ထို့သို့ ဖော်ပြနိုင်မှသာလျှင် အဆိုပါအရေးကိစ္စရပ်များကို နောင်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများတွင် ထည့်သွင်းနိုင်မည် ဖြစ်သည်။ လူနည်းစုတိုင်းရင်းသားများမှာ ၎င်းတို့၏ စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုပေးရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် နိုင်ငံရေးအရကိုယ်ပိုင်လွတ်လပ်ခွင့် ပိုမိုရရှိလိုကြသည်။ ၎င်းတို့အနေဖြင့်လည်း မူဝါဒဦးစားပေးကိစ္စရပ်များကိုသတ်မှတ်ပြီး ရှင်းလင်းစွာဖော်ပြကြရန်အပြင် အဆိုပါအခြေခံမူအသစ်များကို လက်တွေ့အကောင်အထည်ဖော်ရန် ခိုင်မာသောနည်းလမ်းများဖြင့် ရေးဆွဲတင်ပြရန် လိုသည်။

နိုင်ငံရေး အင်စတီကျူးရှင်းများ၊ လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ကိုယ်စားပြုနိုင်ရန်အတွက် သက်ဆိုင်ရာအုပ်စုများအားလုံးအနေဖြင့် ၎င်းတို့၏ရပိုင်ခွင့်များကို သိနားလည်ရမည့်အပြင် လိုအပ်သော အသိပညာနှင့် စွမ်းဆောင်ရည်လည်း ရှိထားရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံသားနှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် လူငယ်များ၏ သမိုင်းစဉ်ဆက် ပါဝင်မှု၊ လတ်တလောပါဝင်မှုများကို ကြည့်ခြင်းဖြင့် အများစုမှာ စိတ်ဓာတ်ရေးရာ လှုံ့ဆော်ပေးရန်မလိုဘဲ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာပါဝင်နိုင်ရေးနှင့် ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် သြဇာသက်ရောက်မှုရှိစေရေးအတွက် ထောက်ပံ့ကူညီပေးရန်သာ လိုအပ်သည်ကို တွေ့နိုင်ပါသည်။ လူငယ်အများစုမှာ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့် ထိထိရောက်ရောက် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့၏ အမြင်ရှုထောင့်ကို အရေးဆိုရန်အတွက် စွမ်းဆောင်ရည်နှင့် မိမိကိုယ်ကို ယုံကြည်မှု ကင်းမဲ့နေတတ်ပါသည်။ ဤသည်မှာ လွတ်လွတ်လပ်လပ် ဝေဖန်ပိုင်းခြားပြီး စဉ်းစားတတ်သည့် စွမ်းရည်ကို အားမပေးသည့် မြန်မာနိုင်ငံပညာရေး စနစ်ကြောင့်ဖြစ်ပါသည် (Hald and Smith 2018)။

ဒီမိုကရေစီ အခြေခံစည်းမျဉ်းများနှင့် ကျင့်သုံးမှုများနှင့် ပတ်သက်၍ ပြည်သူလူထု၏ သိနားလည်မှု၊ အားလုံးပါဝင်မှုရှိသော နိုင်ငံရေးပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံသားနှင့် နိုင်ငံရေးစွမ်းရည် မြှင့်တင်ပေးခြင်းအတွက် ထိရောက်သော ည်းလမ်းများဖြစ်နိုင်ပါသည်။ NUG ၏ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရပ်ဘက်လူအဖွဲ့အစည်းမှ သက်ဆိုင်သူများနှင့် ပူးပေါင်း၍ (တိုင်းရင်းသား အုပ်စုအားလုံးမှ ကျားမ မရွေး) လူငယ်ခေါင်းဆောင်များအတွက် ရည်ရွယ်သော ကြားကာလပြည်သူ့နီတိ ပညာပေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်နိုင်ပါသည်။ ဤနည်းဖြင့် ဒီမိုကရေစီအခြေခံမူများနှင့် နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို တိုးပွားစေနိုင်ပြီး လွတ်လပ်စွာပိုင်းခြားဝေဖန်ဆင်ခြင်နိုင်စွမ်းကိုလည်း တိုးပွားစေနိုင်ပါသည်။ လူငယ်များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အားကောင်းသည့်အတွက် အာဏာသိမ်းပြီးနောက်ပိုင်းအနေအထားတွင် ၎င်းတို့ အချင်းချင်းကြား အတွေ့အကြုံများနှင့် အမြင်များမျှဝေဖို့ရာအတွက် အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာများကိုအသုံးပြုရန် မဟာဗျူဟာမြောက်စဉ်းစားချက်များတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။

ရေရှည်တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးသင်ရိုးကို ပြန်လည်သုံးသပ်ခြင်း၊ ပြည်သူ့နီတိအခြေခံများ ထည့်သွင်းခြင်း၊ ပညာရေး ကနဦးနှစ်များမှစ၍ ကလေးသူငယ်များ၊ လူငယ်များအနေဖြင့် ဝေဖန်ပိုင်းခြားစဉ်းစားတတ်စေရန် လေ့ကျင့်ပေးနိုင်မည့် သင်ကြားနည်းသစ်များ မိတ်ဆက်အသုံးပြုခြင်းတို့ပြုလုပ်ရန် စဉ်းစားနိုင်ပါသည်။ ထို့အပြင် ပညာရေးအစီအစဉ်များအားလုံး၌ အသုံးပြုရန် ရွေးချယ်ထားသည့် ဘာသာစကားများသည် လူနည်းစုတိုင်းရင်းသားများအပါအဝင် အားလုံးအတွက် သတင်းအချက်အလက် ရယူနိုင်ရေးအပေါ် အာမခံချက်ရှိစေရန် ဂရုပြု၍ စစ်ဆေးသင့်ပါသည်။

## ၅.၂ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲခြင်းအားဖြင့် အားလုံးပါဝင်မှုရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အားကောင်းစေခြင်း

CRPH နှင့် NUG တို့မှ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ မစတင်ရသေးသော်လည်း နိုင်ငံရေးပါဝင်ဆောင်ရွက်ရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်မှုရှိစေရေးကိစ္စရပ်များကို စတင်စဉ်းစားရန်မှာ အထူးပင်အရေးကြီးပါသည်။ အကြောင်းမှာ ဖယ်ဒရယ်ဒီမိုကရေစီစနစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ရွေးကောက်ပွဲဥပဒေရေးရာ မူဘောင်နှင့် စပ်လျဉ်းသည့်အစိတ်အပိုင်းများကို သတ်မှတ်စရာ ရှိလာနိုင်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) မှ ၂၀၁၆ ခုနှစ်တွင် အလားအလာကောင်းသော ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့သည့်တိုင် ၂၀၁၅ ခုနှစ်မှ စစ်အာဏာသိမ်းချိန်အထိ ရွေးကောက်ပွဲ ဥပဒေရေးရာမူဘောင်မှာ ပြောပလောက်အောင် ပြောင်းလဲခဲ့ခြင်းမရှိပေ။ မူဘောင်တွင် အမျိုးသမီးများ၊ လူငယ်များနှင့် အခြား အခွင့်အလမ်းနည်းအုပ်စုများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုကို တက်ကြွစွာမြှင့်တင်ပေးသည့် အစီအမံများ ကင်းမဲ့လျက်ရှိပါသည် (International IDEA 2021b)။ ယခုအခါ မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန် ရည်မှန်းလျှောက်လှမ်းနေသည်ဖြစ်သည့်အတွက် ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲဥပဒေရေးရာမူဘောင်နှင့် အထူးသဖြင့် ရွေးကောက်ပွဲစနစ်တို့ကို ပြန်လည်သုံးသပ်ရန် အချိန်တန်ပြီဖြစ်သလို အရေးလည်းကြီးနေပြီဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲခြင်းဖြင့် ဂျန်ဒါနှင့် အားလုံးပါဝင်မှုဆိုင်ရာ တုံ့ပြန်မှုအားကောင်းသော ဥပဒေများ၊ မူဝါဒများနှင့် ကျင့်ထုံးများကိုပြဋ္ဌာန်းကျင့်သုံးလာစေပြီး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ခံအမတ်များ ပို၍စုံလင်ကွဲပြားမှုရှိလာကာ အမျိုးသမီး၊ လူငယ်နှင့် လူနည်းစုတိုင်းရင်းသားဦးရေတိုးပွားလာပြီး မြန်မာနိုင်ငံလူဦးရေတစ်ရပ်လုံးကို ပို၍ကိုယ်စားပြုမှုရှိလာသည့်အတွက် ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ်တစ်ခုကို အထောက်အပံ့ ဖြစ်စေပါသည်။ ရွေးကောက်ပွဲ စီမံအုပ်ချုပ်ရေးအတွင်းနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများ (ဥပမာ နိုင်ငံရေးပါတီများ၊ CSO များနှင့် မဲဆန္ဒရှင်များ) ကြားတွင်လည်း ဂျန်ဒါ တန်းတူညီမျှမှုနှင့် ဘက်စုံလွှမ်းခြုံမှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင်ရှိ သက်ဆိုင်ပါဝင်သူများအားလုံး၏ ပြည့်ဝထိရောက်သော ပါဝင်ဆောင်ရွက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော UEC ကို တပ်မတော်ခန့်အပ်သည့် အဖွဲ့တစ်ဖွဲ့ဖြင့် အစားထိုးလိုက်ပြီး ၎င်းအဖွဲ့တွင်လည်း တရားဝင်အခွင့်အာဏာသော်လည်းကောင်း၊ ဒီမိုကရေစီနည်းကျ တရားဝင်မှုသော်လည်းကောင်း မရှိသည့်အတွက် လက်ရှိ မြန်မာနိုင်ငံတွင် တရားဝင်သော ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ (EMB) မရှိဘဲဖြစ်နေပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးကို အထောက်အကူဖြစ်စေရန်အတွက် အားလုံးပါဝင်မှုရှိရေး အခြေခံမူများကို ကိုင်စွဲထားသည့် ကြားဖြတ် EMB တစ်ခု လိုအပ်လျက် ရှိနေပါသည် (International IDEA forthcoming 2022a)။

### ရွေးကောက်ပွဲ ဥပဒေရေးရာ မူဘောင်

မြန်မာနိုင်ငံ ရွေးကောက်ပွဲဥပဒေရေးရာမူဘောင်တွင် အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားအစရှိသော အခြားအုပ်စုများ၏ ပါဝင်ဆောင်ရွက်မှုကို တက်ကြွစွာမြှင့်တင်ပေးသည့် အစီအမံများကင်းမဲ့လျက်ရှိပါသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များကြား အမျိုးသမီးနှင့် လူငယ်ကိုယ်စားပြုမှု တိုးပွားစေရန် လွှတ်တော်အမတ်နေရာခွဲတမ်းပေးသည့်ကိစ္စမျိုးကဲ့သို့သော တန်းတူညီမျှမှုရှိစေရေး အစီအမံများလည်း မပါဝင်ပါ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အမည်ခံ သာတူညီမျှမှုလောက်သာ ပေးအပ်ထားပြီး ရွေးကောက်ပွဲဥပဒေများမှာလည်း ခွဲခြားဆက်ဆံမှုမရှိစေရေးကိုသာ ဦးစားပေးကြီးကြပ်မှုပြုထားသည်။ ထိုရွေးကောက်ပွဲဥပဒေအရ နိုင်ငံသားများအနေဖြင့် လိင်နှင့် ကိုးကွယ်ယုံကြည်မှုအုပ်စု မည်သို့ပင်ရှိစေကာမူ မဲပေးခြင်း၊ ရွေးကောက်ပွဲဝင်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သို့သော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်ခြင်းကဲ့သို့သော ကိစ္စရပ်များရှိသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို တန်းတူညီမျှရေးအစီအမံအဖြစ် ယူဆ၍ ရနိုင်ပါသည် (International IDEA 2021)။

အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများ နိုင်ငံရေးလုပ်ငန်းတွင် ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းတို့ကို ထိရောက်ပြည့်ဝစွာမပြုလုပ်နိုင်စေရန် တားဆီးထားသည့် အခက်အခဲ

များကို ကြားကာလ အစိုးရအဖွဲ့အစည်းယန္တရားများအနေဖြင့်ဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲရမည့် ကဏ္ဍများကို ဦးစားပေးသတ်မှတ်ရပါမည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတရားဥပဒေရေးရာ မူဘောင်ကိုသုံးသပ်ပြီး အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများ၏ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု မြင့်မားလာစေမည့် အပြောင်းအလဲများ ပြုလုပ်သွားရန်အရေးဆိုကြရပါမည်။ ဤတွင် ပြည်ထောင်စုလွှတ်တော်အမတ်နေရာ ဝင်ရောက်အရွေးခံရန် အရည်အချင်း သတ်မှတ်ချက်များကို သုံးသပ်ခြင်း၊ ကိုယ်စားလှယ်လောင်း အသက်ကန့်သတ်ချက်ကို နှိမ့်ပေးခြင်း၊ နိုင်ငံရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေ ကြီးကြပ်မှုများကို ဆန်းစစ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံမည့် လူငယ်/အမျိုးသမီး နိုင်ငံရေးသမားများအတွက် မှတ်ပုံတင်ကြေးကို လျှော့ပေးခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ဩစတြီးယား၊ ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ပြင်သစ်နှင့် ကင်ညာနိုင်ငံတို့ အပါအဝင် အချို့သောနိုင်ငံများတွင် အားလုံးပါဝင်မှု ပိုမိုအားကောင်းစေရေးအတွက် ကိုယ်စားလှယ်လောင်းများ၏ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးထားပါသည် (ACE Project n.d.)။ အယ်လ်ဘေးနီးယား၊ ပြင်သစ်၊ ဂျော်ဂျီယာ၊ မော်လ်ဒိုဗာ သမ္မတနိုင်ငံနှင့် ပနားမား အပါအဝင် အခြားသောနိုင်ငံများမှာမူ အမျိုးသမီးများပါဝင်မှု မြင့်မားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးပါတီများအတွက် ဂျန်ဒါလျာထားချက်ပါ ပြည်သူ့ရန်ပုံငွေများကို ခွဲတမ်းချပေးသည် (ACE Project n.d.; Parmar 2021a)။ ယခင် ဥပဒေမူဘောင်အရ မဲဆွယ်ရန်ပုံငွေတွင် ပုဂ္ဂလိကထည့်ဝင်လှူဒါန်းငွေများကို ကန့်သတ်ထားသည့်အတွက် အမျိုးသမီးများနှင့် လူငယ်ကိုယ်စားလှယ်လောင်းများအတွက် ရန်ပုံငွေရရှိရေး၊ အမျိုးသားကိုယ်စားလှယ်လောင်းများ၊ လူကြီး ကိုယ်စားလှယ်လောင်းများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရေးတို့တွင် ပို၍အခက်တွေ့စေသည်။ သို့ဖြစ်၍ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ခွဲတမ်းစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးနှင့် လူငယ်များကို သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်း ကိုယ်စားလှယ်လောင်းများ၊ ပါတီဝင်များ၊ ခေါင်းဆောင်များအဖြစ် လက်ခံသောပါတီများမှာ ရန်ပုံငွေပိုမိုရရှိမည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများအတွက် ဘဏ္ဍာရေးအရ စိတ်ဝင်စားစရာ ဖြစ်လာပေမည်။

နောက်ဆုံးတစ်ခုမှာ ပါတီများမှ ဝင်ရောက်ယှဉ်ပြိုင်ပေးရမည့် အမျိုးသမီး/လူငယ် ကိုယ်စားလှယ်လောင်းများ၏ အနိမ့်ဆုံး အချိုးအဆကို သတ်မှတ်ပေးသော အမတ်နေရာခွဲတမ်း အစရှိသည့် အားလုံးပါဝင်မှုအားကောင်းစေရေးအတွက် ယာယီအထူးစီမံချက်များကို ပဋိညာဉ်တွင်သတ်မှတ်ထားသည့် ၃၀ ရာခိုင်နှုန်းနှင့်အညီ ပြဋ္ဌာန်းကျင့်သုံးရန် ဖြစ်ပါသည်။ ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းရှိသည့် အဖွဲ့များအတွင်း ၃၀ ရာခိုင်နှုန်းဟူသော ပမာဏကို လုံလောက်သော အနည်းဆုံး အခြေခံပမာဏ (critical mass) ဟု ယေဘုယျ ယူဆနိုင်ပါသည်။ ဆိုလိုသည်မှာ အမျိုးသမီးကိုယ်စားပြုမှု ဤပမာဏ ရှိမှသာလျှင် ရွေးကောက်ခံအစိုးရရုံးတွင် မူဝါဒနှင့် ဥပဒေများဩဇာလွှမ်းမိုးမှုပြုရေး၊ ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များကို ရှေ့တန်းတင်ဆောင်ရွက်နိုင်စေရေးနှင့် နိုင်ငံရေးတွင်လည်း အနှစ်သာရပိုင်းဆိုင်ရာ ပြောင်းလဲမှုတို့ကို စတင်ဖြစ်ပေါ်စေမည်ဖြစ်ပါသည် (OSCE/ODIHR 2014)။ သို့သော်လည်း အဆိုပါ ခွဲတမ်းပမာဏကို ရွေးကောက်ပွဲစနစ်နှင့် (‘ရွေးကောက်ပွဲစနစ်’ ကို နောက်ပိုင်းတွင်ရှု) အံဝင်ဂွင်ကျဖြစ်အောင် မည်သို့ပြုလုပ်ရမည်ဆိုသည့်အချက်ကိုမူ စဉ်းစားရန်နှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ကြရန်လိုပါသေးသည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည်များ၏ ထက်ဝက်ကျော်သည် အစိုးရဖွဲ့စည်းမှုများတွင် အမျိုးသမီးကိုယ်စားပြုပါဝင်မှု မြင့်မားလာစေရန် ခွဲတမ်းစနစ်တမျိုးမျိုးကို ကျင့်သုံးလျက်ရှိကြရာ ဤသည်မှာ CEDAW စာချုပ်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့်လည်း ကိုက်ညီပါသည် (ACE Project n.d.; Parmar 2021a)။ ဥပမာ သီရိလင်္ကာနိုင်ငံ တရားဝင်ကိုယ်စားလှယ်လောင်းခွဲတမ်းစနစ်အရ ဒေသန္တရအာဏာပိုင်အဖွဲ့တစ်ခုချင်းစီတွင် အဖွဲ့ဝင်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းထက်မနည်း အမျိုးသမီးများဖြစ်ရန် လိုအပ်သည် (International IDEA 2022b)။ ဤအချက်ကြောင့် နိုင်ငံရေး ပါတီများအနေဖြင့် ၂၀၁၈ ခုနှစ် ဒေသန္တရ ရွေးကောက်ပွဲများတွင် အမျိုးသမီးများကို ကိုယ်စားလှယ်လောင်းများအဖြစ် ပို၍ယှဉ်ပြိုင်စေရန် စိတ်ဝင်စားလာကြပြီး ရွေးကောက်ခံအမျိုးသမီး အချိုးအဆမှာလည်း ၂ ရာခိုင်နှုန်းမှနေ၍ ၂၃ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့သည် (Gunasekera 2018)။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ တီမောလက်စ်တီနှင့် ဗာနူအာတူ တို့ကဲ့သို့ ဒေသန္တရခွဲတမ်းစနစ် အလုပ်ဖြစ်သည့်နိုင်ငံများ သာဓကအနေဖြင့်ရှိသော်လည်း ဒေသန္တရခွဲတမ်းစနစ်သည် အမျိုးသမီး ကိုယ်စားပြုမှုကို တိုးပွားစေလိမ့်မည်ဟုလည်း တစ်ထစ်ချယူဆ၍မရချေ။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီ မြောက်မြားစွာတို့မှ ကိုယ့်အသိစိတ်နှင့်ကိုယ် ကိုယ်စားလှယ်လောင်းစနစ်ကို ကျင့်သုံးခဲ့ကြသော်လည်း ရွေးကောက်ပွဲဥပဒေတွင် မက်လုံးများပေးထားခြင်း၊ အတိအလင်းပြဋ္ဌာန်းပေးခြင်းတို့ဖြင့် တရားဝင်နည်းလမ်းတကျဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။

**ရွေးကောက်ပွဲစနစ်**

ရွေးကောက်ပွဲစနစ် ဒီဇိုင်းပုံစံသည် နိုင်ငံရေးဆုံးဖြတ်ချက်များပြုလုပ်သည့် အဖွဲ့များတွင် အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုတိုင်းရင်းသားများ ကိုယ်စားပြုပါဝင်ခွင့်ရရှိရေးအတွက် အထူးတလည် အရေးကြီးလှပါသည်။ အာဏာသိမ်းသည့်အချိန်မှစ၍ တပ်မတော်မှခန့်အပ်သည့် 'UEC' သည် ရွေးကောက်ပွဲစနစ်ကို ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် အဓိကကျသော ကိစ္စရပ်တစ်ခုအဖြစ် ဆွေးနွေးလာခဲ့ပါသည်။ ဤတွင် မြန်မာနိုင်ငံတွင် အစဉ်အဆက်ကျင့်သုံးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဆုံးအဖြတ်အရလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီသည့် မဲများသူနိုင်စနစ် (FPTP) ကို အချိုးကျ ကိုယ်စားပြုစနစ် (PR) ဖြင့် အစားထိုးကျင့်သုံးရန် ထည့်သွင်းပြောဆိုလာခဲ့သည်။ တပ်မတော် ခန့်အပ်သည့် 'UEC' နှင့် တပ်မတော်နှင့် ဆက်စပ်သည့် နိုင်ငံရေးပါတီငယ်ပေါင်းများစွာက ရွေးကောက်ပွဲစနစ်ကို PR ဖြင့် အစားထိုးကျင့်သုံးရန် တောင်းဆိုလျက်ရှိကြသည်။ လက်ရှိအချိန်ထိမူ ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်လျက်ရှိကြသူများနှင့် ကြားကာလအစိုးရအဖွဲ့အစည်းယန္တရားများဘက်မှ ယင်းကိစ္စနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာပြောကြားခြင်း မရှိကြသေးပေ။

ကမ္ဘာနှင့်အဝှမ်းကြည့်ပါက FPTP စနစ်သည် အမျိုးသမီးနှင့် လူငယ်များအစရှိသော အုပ်စုများကို နစ်နာစေနိုင်ပါသည်။ အကြောင်းမှာ ပါတီများသည် မဲဆန္ဒရှင်အများစု စိတ်ဝင်စားမည့် ကိုယ်စားလှယ်လောင်းများကိုသာ ရွေးချယ်နိုင်စရာပိုများသည့်အတွက် ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံရမည့်သူများမှာ အများအားဖြင့် အာဏာရှိပြီး အင်အားကြီးသည့် အုပ်စုများမှ ဖြစ်တတ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်ဆိုရသော် အဆိုပါအုပ်စုမှာ အသက် ၃၀ ကျော် ဗမာလူမျိုး အမျိုးသားများထဲမှ ဖြစ်နိုင်စရာရှိပါသည် (Parmar 2021c)။ နိုင်ငံရေးပါတီများမှ စိတ်ဆန္ဒရှိသည့်အခါ သို့မဟုတ် ဥပဒေ လိုအပ်ချက်အရ အမျိုးသမီးများနှင့် လူငယ်များကို ကိုယ်စားလှယ်လောင်းများအဖြစ် တင်သွင်းသည့်အခါ PR စနစ်သည် နှိုင်းရအားဖြင့် အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းများကို ပိုမိုအရေးသာစေသည်။ ပျမ်းမျှအားဖြင့် အချိုးကျစနစ်များကျင့်သုံးသည့် တိုင်းပြည်များတွင် လွှတ်တော်တွင်း အမျိုးသမီးအရေအတွက်သည် ၂၇.၆ ရာခိုင်နှုန်းအထိ ရှိပြီး မဲများမဲနိုင်စနစ်များကျင့်သုံးသည့် တိုင်းပြည်များနှင့် နှိုင်းစာပါက ၎င်းတို့တွင် ၁၄.၄ ရာခိုင်နှုန်းသာ ရှိသည်ကို အထောက်အထားဖြင့် တွေ့ရှိရပါသည် (ACE Project n.d.; Parmar 2021a)။ မည်သို့ပင်ဖြစ်စေ ဂျန်ဒါ ခွဲတမ်း၊ မဲဆန္ဒနယ်အရွယ်အစား၊ ပါတီ၏ အနိုင်ရရှိနှုန်း (ပါတီတစ်ခု၏ မဲဆန္ဒနယ်တစ်ခုချင်းစီအလိုက် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်လောင်း အရေအတွက်) အစရှိသည့် အခြားသော အကြောင်းတရားများ ပေါင်းဆုံမှုသည်လည်း အမျိုးသမီး ကိုယ်စားလှယ်လောင်းများ၏ အောင်မြင်မှုအပေါ် သက်ရောက်မှုရှိသည်ကို သတိပြုရန် လိုအပ်ပါသည် (Laserud and Taphorn 2007)။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ် ဖွဲ့စည်းထားပုံမှာ ရှုပ်ထွေးလှသည်ဖြစ်၍ PR စနစ်သည် လူနည်းစု တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်လောင်းများအတွက် တိုက်ရိုက်အကျိုးမရှိစေနိုင်ပါ။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် အထင်အရှားတွေ့ခဲ့ရပြီး ဖြစ်သည့်အတိုင်း လွှတ်တော်အတွင်း အမတ်နေရာရရှိရန် ခွဲတမ်းသတ်မှတ်ထားသည့် အနိမ့်ဆုံးမဲအရေအတွက်ကို ရရှိဖို့ရန် လူနည်းစုတိုင်းရင်းသားပါတီများအတွက် ခက်ခဲပါလိမ့်မည်။ ဤအချက်ကို ထောက်သော် မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှု အားကောင်းသော်ငြား လူနည်းစုတိုင်းရင်းသားများနှင့် ဆက်စပ်နေသည့် မဲဆန္ဒနယ်များနှင့် ပတ်သက်လာပါက FPTP စနစ်သည် ပို၍ အကျိုးရှိသည်ကို တွေ့ရသည် (International IDEA 2021b)။ သို့ဖြစ်ပါ၍ အကောင်းဆုံး ဖြစ်နိုင်ချေရှိသော စနစ်တစ်ခုရရှိရန် PR နှင့် FPTP စနစ်များ၏ အားသာချက်၊ အားနည်းချက်များကို အသေအချာ ချိန်ဆရန် လိုအပ်ပါသည်။ အုပ်စုပေါင်းစုံအတွက် ဘက်စုံလွှမ်းခြုံမှုရှိစေရန် အစီအမံများ ထည့်သွင်းထားသော နှစ်မျိုးရောသည့် (အရော)စနစ်သည်လည်း အကောင်းဆုံးဖြစ်နိုင်စရာ ရှိပါသည်။

အရောစနစ် အသုံးပြုသည့် သာဓကအနေဖြင့် မောင်ရီ(Maori)အစုအဖွဲ့ (ဌာနေတိုင်းရင်းသား လူနည်းစု) နှင့် အမျိုးသမီးများ၊ ပစိဖိတ်ကျွန်းသားများနှင့် အာရှသားများ အပါအဝင် သမိုင်းအစဉ်အဆက် ကိုယ်စားပြုမှု နည်းပါးခဲ့သော အုပ်စုများမှ ကိုယ်စားလှယ်များ လွှတ်တော်တွင် တိုးပွားလာစေရေးအတွက် နယူးဇီလန်နိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်များအစောပိုင်း၌ အချိုးကျစနစ် ကိုယ်စားလှယ်များ ရောနှောအသုံးပြုသည့် (MMP) မဲပေးစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုအချိန်မှစ၍ မောင်ရီ(Maori) လွှတ်တော်ကိုယ်စားလှယ်များ၏ အချိုးအဆတိုးပွားလာခဲ့ရာ FPTP စနစ် အသုံးပြု၍

လွှတ်တော်ဖွဲ့စည်းစဉ်က ၇ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် လွှတ်တော် ကိုယ်စားလှယ်၏ ၁၆ ရာခိုင်နှုန်း ရှိလာခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အရေအတွက်လည်း တိုးပွားလာခဲ့ပြီး FPTP စနစ် အသုံးပြုသည့် ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲတွင် ၂၁ ရာခိုင်နှုန်းရှိရာမှ MMP စနစ်သုံး၍ အဦးဆုံးဖွဲ့စည်းသည့် လွှတ်တော်သုံးကြိမ်တွင် ပျမ်းမျှ ၂၉ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့သည် (ACE Project n.d.; Parmar 2021a)။ ထို့အပြင် ၁၉၉၃-၂၀၀၂ အတွင်းတွင် ပစိဖိတ်ကျွန်းသား လွှတ်တော်ကိုယ်စားလှယ် အချိုးအဆ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းနှင့် အာရှသား လွှတ်တော် ကိုယ်စားလှယ် ဝ မှ ၂ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့သည်။

နောက်ထပ် ပြန်လည်သုံးသပ်ရန် လိုအပ်သည့် နယ်ပယ်တစ်ရပ်မှာ လက်ရှိအသုံးပြုနေသည့် ရွေးကောက်ပွဲ နယ်နိမိတ်များ ပိုင်းခြားသတ်မှတ်သည့် စနစ်ဖြစ်သည်။ မဲဆန္ဒရှင်များမှာ မဲဆန္ဒနယ်အလိုက် မညီမမျှ ပြန့်နှံ့တည်ရှိနေကြ သည်ဖြစ်၍ လွှတ်တော်များအတွက် ရွေးကောက်ပွဲများတွင် အလွန်အမင်း အချိုးအစားမညီမျှမှုကို ဖြစ်ပေါ်စေပါသည်။ ဤကိစ္စရပ်သည် ကိုယ်စားပြု ဒီမိုကရေစီနစ်၏ 'လူတစ်ဦး၊ မဲတစ်မဲ' အခြေခံမူကို ချိုးဖောက်ရာကျပြီး၊ မဲပေးရာ၌ အကြီးအကျယ် မညီမျှမှုဖြစ်စေကာ၊ လွှတ်တော်အတွက်မဲများကို အမတ်နေရာ ပြန်လည်တွက်ချက်ရာတွင်လည်း ရလဒ် ပျက်ယွင်းစေသည့်အပြင် ဘက်မညီသော ရွေးကောက်ပွဲရလဒ်များကို ဖြစ်ပေါ်စေသည် (International IDEA 2021b)။

ရွေးကောက်ပွဲစနစ်တစ်ရပ်ကို ရွေးချယ်အသုံးပြုရန် စဉ်းစားခြင်းသည် မတူညီသော အုပ်စုများအပေါ် ကြီးစွာ သောသက်ရောက်မှု ဖြစ်စေနိုင်သည့်အတွက် သက်ဆိုင်သူများအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေး တိုင်ပင်ဆွေးနွေး ခြင်း၊ စနစ်၏ သက်ရောက်မှုအပေါ် ပြည့်စုံလုံလောက်စွာ စိစစ်လေ့လာခြင်းတို့ကို ပြုလုပ်ရပါမည်။ ရွေးကောက်ပွဲစနစ်များ ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ ပြုလုပ်ကြရန်အလို့ငှာ ကြားကာလအစိုးရအဖွဲ့ အစည်းယန္တရားများအနေဖြင့် လူနည်းစုတိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများ၊ အမျိုးသမီးများနှင့် လူငယ် အဖွဲ့အစည်းများ အပါအဝင် CDM နှင့် အခြားသော အရပ်ဘက်လူ့အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများ အစရှိသည့် သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သင့်ပါသည်။ လူနည်းစုတိုင်းရင်းသား အစုအဖွဲ့များ၊ အမျိုးသမီးများနှင့် လူငယ်များ အစရှိသည့် ကိုယ်စားပြုမှုနည်းပါးသူများ ကိုယ်စားလှယ်လောင်းများအဖြစ်ပါဝင်မှု မြင့်မားစေမည့် စနစ် တစ်ခု ဖြစ်ပေါ်လာရေးအတွက် အပြောင်းအလဲများ ပြုလုပ်ရန် စဉ်းစားသင့်ပါသည်။ သာတူညီမျှ မဲပေးပိုင်ခွင့်ဟူသော အခြေခံမူကို လေးစားလိုက်နာသောအားဖြင့် မဲဆန္ဒနယ် နယ်နိမိတ် သတ်မှတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်စဉ်းစားသင့်ပါသည်။

**ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးစနစ်ဖွဲ့စည်းခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော အာဏာသိမ်းမှုအပြီးတွင် မြန်မာ့တပ်မတော်သည် UEC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ထိန်းသိမ်းလိုက်ပြီး ၎င်းဘာသာ တရားမဝင် 'UEC' တစ်ရပ်ကို အဖွဲ့ဝင်သစ်များဖြင့် ခန့်အပ်ဖွဲ့စည်းခဲ့သည်။ ပဋိညာဉ်တွင် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးရန် ပြဋ္ဌာန်းထားသည့်အတိုင်း ကြားကာလ အစိုးရအဖွဲ့အစည်းယန္တရားများအနေဖြင့် နောင်တွင် တရားဝင်ရွေးကောက်ပွဲကော်မရှင်တစ်ရပ်တွင် ပါဝင်မည့် အဖွဲ့ဝင် များ ခန့်အပ်ရေးနှင့် ကော်မရှင်ဖွဲ့စည်းရေးတို့အတွက် ဥပဒေမူဘောင်တစ်ရပ်စဉ်းစားရန် လိုအပ်ပါသည်။

EMB အဖွဲ့ဝင်များသည် စုံလင်ကွဲပြားသော နိုင်ငံ့လူဦးရေကို ကိုယ်စားပြုမှုရှိပြီး တိုင်းရင်းသားပါဝင်ဖွဲ့စည်းမှုနှင့် ဂျန်ဒါ အချိုးမျှတမှုရှိစေရေးအတွက် အဖွဲ့ဝင်များ ခန့်အပ်သည့် လုပ်ငန်းစဉ်အနေနှင့် အာမခံချက်ရှိသင့်ပါသည်။ EMB ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ရေးမူဝါဒကိုလည်း သုံးသပ်ပြီး ကွဲပြားစုံလင်မှုနှင့် ဘက်စုံလွှမ်းခြုံမှု ရှိစေရန်အတွက် သင့် တော်သလို ဥပဒေများပြင်ဆင်နိုင်ပါသည်။ အဖွဲ့ဝင်များ ခန့်အပ်ရာတွင်နှင့် ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် ပွင့်လင်း မြင်သာမှု၊ အရည်အချင်း ဦးစားပေးမှု၊ သာတူညီမျှမှုနှင့် (ဂျန်ဒါ၊ တိုင်းရင်းသား၊ အသက် အစရှိသော) ဘက်စုံလွှမ်းခြုံသည့် သတ်မှတ်ချက်များအပေါ် အခြေခံသင့်ပါသည်။ အလားတူပင် ပြည်နယ်နှင့် တိုင်းဒေသကြီး EMB များ ဖွဲ့စည်းရာတွင်လည်း ပဋိညာဉ်တွင် မျှော်မှန်းထားသည့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသော ဖက်ဒရယ်စနစ်ဘောင်အတွင်း ရှိစေသင့်ပြီး တသမတ်တည်းသော သတ်မှတ်ချက်များကို ကျင့်သုံးသင့်ပါသည်။

အချို့သော တိုင်းပြည်များတွင် EMB အဖွဲ့ဝင်များ ခန့်အပ်ရာ၌ လွှတ်တော် ဂျန်ဒါခွဲတမ်းစနစ်ကို အသုံးပြုကြပါသည်။ သာဓကအားဖြင့် အာမေးနီးယားနိုင်ငံတွင် ရွေးကောက်ပွဲ ကျင့်ဝတ်စည်းမျဉ်းအရ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ခုနစ်ဦးအနက် လိင်အုပ်စုတစ်စုစီမှ ကိုယ်စားလှယ် နှစ်ဦးထက်မနည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်သည်။

## ၅.၃ အားလုံးပါဝင်မှုရှိရေးမူဝါဒများနှင့် ကျင့်ထုံးများကို အာမခံပေးနိုင်မည့် ဒီမိုကရေစီ အင်စတီကျူးရှင်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း ရှုပ်ထွေးပွေလီလှသော စိန်ခေါ်မှုများရှိနေသည့်တိုင် ကြားကာလ အစိုးရအဖွဲ့အစည်းယန္တရားများဖြစ်ကြသည့် NUG၊ CRPH နှင့် NUCC တို့သည် မြန်မာနိုင်ငံရှိ ကွဲပြားစုံလင်သော အုပ်စုပေါင်းစုံပါဝင်ရေးကို တန်ဖိုးထားသည့် မွမ်းမံတည်းဖြတ်ထားသော ပဋိညာဉ်ကို အတည်ပြုထောက်ခံခြင်းဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အရေးကြီးသောခြေလှမ်းများ ပြုလုပ်လာခဲ့သည်။

NUG သည် MOWYCA နှင့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနကဲ့သို့သော ဝန်ကြီးဌာနများ ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်စေရေးအတွက် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခြင်းအပါအဝင် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားသောပြည်သူများ၏ ရပိုင်ခွင့်များကို မြှင့်တင်ပေးရန်နှင့် အကာအကွယ်ပေးရန် အရေးဆိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ MOWYCA ၌ဆိုလျှင် အမျိုးသမီးနှင့် ဂျန်ဒါရေးရာ၊ လူငယ်ရေးရာ ဦးစီးဌာနများထားရှိပြီး အုပ်စုတစ်စုချင်းစီအတွက် မူဝါဒဦးစားပေးနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန် တာဝန်အပ်နှင်းထားပါသည်။ ၎င်းတို့သတ်မှတ်ထားသည့် ဦးစားပေးကိစ္စများကို ကြည့်ခြင်းဖြင့် ၎င်းတို့အနေဖြင့် အာဏာသိမ်းမှုမတိုင်မီ ရှိနှင့်ပြီးအရာများအပေါ် အခြေခံဆောင်ရွက်သည့်အနေဖြင့် NSPAW နှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (၂၀၂၀-၂၀၂၄) တို့ကို ပြန်လည်သုံးသပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို ဆောင်ရွက်ရန် စဉ်းစားနိုင်စရာရှိပါသည်။

NUG ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိပြီးဖြစ်သော သတင်းအချက်အလက်များနှင့် NUG ကို အကူအညီပေးလျက်ရှိသည့် ပြည်တွင်းလူ့ပ်ရှားဆောင်ရွက်သူများ၏ အယူအဆများအရလည်း NUG သည် ၎င်း၏ မူဝါဒများ၊ ကျင့်ထုံးများအပြင် သက်ဆိုင်သူများနှင့်ပြုလုပ်သည့် ဆွေးနွေးတိုင်ပင်မှုများတွင်ပါ အားလုံးပါဝင်မှုရှိစေရန် အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်ဟူသောအချက်ကို ညွှန်းဆိုလျက်ရှိပါသည်။ သာဓကအားဖြင့် NUG တွင် ပါဝင်လျက်ရှိသည့် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုလုပ်ခဲ့သည့် International IDEA ၏ အင်တာဗျူးအရ ဝန်ကြီးဌာနများအတွက် ကျင့်ဝတ်စည်းကမ်းများ ပြုစုခြင်းအပါအဝင် NUG ၏ သတင်းစကားနှင့် အသုံးအနှုန်းများတွင် ဂျန်ဒါ သို့မဟုတ် လူမျိုးရေးအရ လူနည်းစုများ၏ လိုအပ်ချက်များနှင့် ပူပင်မှုများအပေါ် အထူးဂရုစိုက်သည့်အနေဖြင့် ပြည်တွင်း ဂျန်ဒါကျွမ်းကျင်ပညာရှင်များထံမှ လိုလိုလားလားနှင့် နည်းပညာပိုင်း အကူအညီတောင်းခံခဲ့သည်ကို သိရပါသည်။ ထို့အပြင် အဆိုပါပညာရှင်များနှင့် ပြုလုပ်ခဲ့သည့် International IDEA ၏ အင်တာဗျူးအရ အမျိုးသမီး အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကာလရှည်ကြာ အရေးဆိုခဲ့ကြရသည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) ကိုလည်း သုံးသပ်မှု ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

NUG အဖွဲ့ဝင်များမှ ပြောကြားသည်မှာ အစိုးရတစ်ရပ်ကို လည်ပတ်စေရာတွင်နှင့် ဘက်စုံလွှမ်းခြုံသော လမ်းပြမြေပုံနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးစားပေးကိစ္စရပ်များကို သတ်မှတ်ရာတွင် ၎င်းတို့အနေဖြင့် ၎င်းတို့၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုများကိုမြှင့်တင်ရန် လိုအပ်နေသည်ဟု ဆိုသည်။ ဂျန်ဒါနှင့် ဘက်စုံလွှမ်းခြုံမှု (အားလုံးပါဝင်မှု) ဆိုင်ရာ တုံ့ပြန်မှုအားကောင်းသော ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ချမှတ်ပြဋ္ဌာန်းရေးဟူသည့် ရည်ရွယ်ချက် ပေါက်မြောက်ရေးအတွက် NUCC၊ NUG နှင့် CRPH တို့အနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းမှ သက်ဆိုင်သူများ၊ အထူးသဖြင့် ဂျန်ဒါ တန်းတူညီမျှရေးနှင့် အားလုံးပါဝင်မှုရှိရေးတို့ကို မြှင့်တင်ဆောင်ရွက်နေသည့်အဖွဲ့များ၏ အကူအညီကိုယူ၍ လိုအပ်သော အင်စတီကျူးရှင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ကဏ္ဍအလိုက် ကျွမ်းကျင်မှုတို့ကို တည်ဆောက်ရန်လိုအပ်သည်။ ထို့အပြင် နိုင်ငံတကာ နည်းပညာပိုင်း အကူအညီပေးနိုင်သူများထံမှ အကူအညီရယူခြင်းဖြင့်လည်း အကျိုးဖြစ်ထွန်းနိုင်ပါသည်။

လိုအပ်သော စွမ်းဆောင်ရည်ပိုင်းနှင့်ပတ်သက်သည့် ဆန်းစစ်ချက်အရ ဘက်စုံလွှမ်းခြုံ (အားလုံးပါဝင်မှုရှိ) သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် တိုင်ပင်ရေးဆွဲထားသော လမ်းပြမြေပုံတစ်ခုထွက်ပေါ်စေဖို့ရာ လက်ငင်းလိုအပ်ချက်များကို သိမြင်မှတ်သားနိုင်ရန်၊ အခန်းကဏ္ဍမျိုးစုံကို စိစစ်လေ့လာနိုင်ရန်နှင့် တာဝန်များ ပိုင်းခြားရန် လုံလောက်သော စွမ်းရည်နှင့် ကျွမ်းကျင်မှုများ အားကောင်းလာစေရေးအတွက် စီမံကိန်းတစ်ရပ်ကို NUG အနေဖြင့် ရေးဆွဲသင့်ပါသည်။ စွမ်းရည်တည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်အလိုက် နယ်ပယ်များသတ်မှတ်နိုင်ပြီး အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်ဝန်ထမ်းများအတွက် ဦးစားပေးသတ်မှတ်ထားသည့် နယ်ပယ်များတွင် အစိုးရအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် အထောက်အပံ့နှင့် လေ့ကျင့်သင်ကြားရေး အခွင့်အလမ်းများ ကျိန်းသေရရှိအောင် ပြုလုပ်ပေးနိုင်ပါသည်။

NUG ဝန်ကြီးများအနေဖြင့် မူဝါဒများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် အားလုံးပါဝင်မှုရှိရေး ရှုထောင့်များကို စနစ်တကျအသုံးပြုနိုင်စွမ်း ပိုမိုအားကောင်းစေရေးအတွက် အရပ်ဘက် လူ့အဖွဲ့အစည်းမှ သက်ဆိုင်သူများ၊ ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ပြီး လေ့ကျင့်သင်ကြားမှုများ၊ နည်းပညာပိုင်း အကြံဉာဏ်များ စဉ်ဆက်မပြတ်ရယူနိုင်ပါသည်။ အမျိုးသမီး၊ လူငယ်နှင့် လူနည်းစုတိုင်းရင်းသားများ ဦးစားပေးဆောင်ရွက်လိုသည့် မူဝါဒနယ်ပယ်များအတွက် အရင်းမြစ်နှင့် စွမ်းဆောင်ရည်များရွေ့ပြောင်းကာ ဘတ်ဂျက်ချပေးနိုင်မည့် နည်းလမ်းများကိုလည်း NUG အနေဖြင့် ဖော်ထုတ်နိုင်ရန် အရေးကြီးပါသည်။ ပေါ်ထွန်းလာမည့် ဖက်ဒရယ်စနစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အာဏာပိုမိုရရှိလာတော့မည်ဖြစ်၍ ၎င်းအဆင့်တွင်လည်း အလားတူ ချဉ်းကပ်ဆောင်ရွက်မှုပုံစံများကို တသမတ်တည်းကျင့်သုံးရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဂျန်ဒါအလေးပေး ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အထူးသက်ဆိုင်သည့် လေ့ကျင့်သင်ကြားမှုမျိုးကို အရပ်ဘက်လူ့အဖွဲ့အစည်း၏ အကူအညီဖြင့်သော်လည်းကောင်း၊ ပြင်ပမှ ကူညီဆောင်ရွက်ပေးသူများဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးရန် စဉ်းစားနိုင်ပါသည်။

## ရည်ညွှန်းကိုးကားချက်များ


ACE Project, Electoral Systems, [n.d.], <https://aceproject.org/ace-en/topics/es/esd/esd01/esd01a/esd01a01>, accessed 18 March 2022

Committee Representing Pyidaungsu Hluttaw (CRPH), Official website, [n.d.], <https://crphmyanmar.org>, accessed 21 April 2022

Connell, T., 'Union leader elected to Myanmar People's Council on eve of coup anniversary', Solidarity Center, 1 February 2022, <https://www.solidaritycenter.org/union-leader-electedto-myanmar-peoples-council-on-eve-of-coup-anniversary>, accessed 18 March 2022

Federal Democracy Charter, Declaration of Federal Democracy Union, 2021, official English translation

Gunasekera, P., *'She leads! Empowering women leaders in Sri Lanka'*, United States Agency for International Development (USAID), 17 August 2018, <https://medium.com/usaid-2030/sheleads-empowering-women-leaders-in-sri-lanka-6141331ad2d1>, accessed 21 March 2022

Hald, M. and Smith, S., *Supporting Youth Contributions to Peace in Myanmar*, Development Dialogue Paper No. 24 (Uppsala: Dag Hammarskjöld Foundation, February 2018), <https://www.youth4peace.info/system/files/2018-04/24.%20CFR_Myanmar-Youth%20Participation2_DHF.pdf>, accessed 18 March 2022

International IDEA, 'Technical Assessment of the 2020 General Elections in Myanmar',International IDEA, Stockholm, 2021, unpublished

—, *Interim Electoral Management and Electoral System Design in Myanmar* (Stockholm:International IDEA, forthcoming 2022a)

—, Gender Quotas Database, Country Data: Sri Lanka, 2022b, <https://www.idea.int/data-tools/data/gender-quotas/country-view/172/35>, accessed 29 March 2022

Khan, U., 'The women of Myanmar: "Our place is in the revolution"', Al Jazeera, 25 April 2021, <https://www.aljazeera.com/features/2021/4/25/women-of-myanmar-stand-resilient-againstthe-military-coup>, accessed 18 March 2022

Laserud, S. and Taphorn, R., *Designing for Equality: Best-Fit, Medium-Fit and Non-Favourable Combinations of Electoral Systems and Gender Quotas* (Stockholm: International IDEA, 2007),<https://www.idea.int/publications/catalogue/designing-equality-best-fit-medium-fit-and-nonfavourable-combinations>, accessed 18 March 2022

Latt, S. S. S., Ninh, K. N. B., Myint, M. K. K. and Lee, S., *Women's Political Participation in Myanmar: Experiences of Women Parliamentarians: 2011–2016* (Rangoon: The Asia Foundation and Phan Tee Eain, April 2017), <https://asiafoundation.org/wp-content/uploads/2017/05/Womens-Political-Participation-in-Myanmar-MP-Experiences_report-1.pdf>, accessed 18 March 2022

Myanmar, Republic of the Union of, National Unity Government (NUG), Official website, [n.d.], <https://www.nugmyanmar.org/en>, accessed 18 March 2022

—, 'Policy position on the Rohingya in Rakhine State', 3 June 2021a, <https://gov.nugmyanmar.org/2021/06/03/policy-position-on-the-rohingya-in-rakhine-state>, accessed 18 March 2022

—, Acting President Duwa Lashi La lodged a declaration with the registrar of the #ICC, accepting the Court's jurisdiction with respect to intl crimes committed in Myanmar territory since 1/7/02, which is the earliest date permitted by the Statute of Intl Criminal Court (Rome Statute), Twitter, 20 August 2021b, <https://twitter.com/NUGMyanmar/status/1428739347717648389>, accessed 18 March 2022

—, Ministry of Foreign Affairs, 'Statement of the National Unity Government of Myanmar on the 4th anniversary of the atrocity crimes committed against the Rohingya People in 2017', 24 August 2021c, <https://mofa.nugmyanmar.org/2021/08/24/statement-of-the-national-unitygovernment-of-myanmar-on-the-4th-anniversary-of-the-atrocity-crimes-against-the-rohingyapeople-in-2017>, accessed 18 March 2022

Myanmar Centre for Responsible Business, *Project-Level Impacts: Ethnic Minority Groups/ Indigenous People*, 2014, <https://www.myanmar-responsiblebusiness.org/pdf/SWIA/Oil-Gas/11-Ethnic-Minorities-Indigenous-Peoples.pdf>, accessed 18 March 2022

Office of the United Nations High Commissioner for Human Rights (OHCHR), UN Treaty Body Database, [n.d.], <https://tbinternet.ohchr.org/_layouts/15/TreatyBodyExternal/Treaty.aspx?CountryID=119&Lang=EN>, accessed 21 April 2022

Organization for Security and Co-operation in Europe Office for Democratic Institutions and Human Rights (OSCE/ODIHR), *Handbook on Promoting Women's Participation in Political Parties* (Warsaw: OSCE/ODIHR, 2014), <https://www.osce.org/odihr/120877>, accessed 18 March 2022

Parmar, S., 'The Participation of Women in Myanmar's Electoral Processes: Challenges and Strategies for Inclusion', International IDEA, Stockholm, 2021a, unpublished

—, 'The Participation of Ethnic Minorities in Myanmar's Electoral Processes: Challenges and Strategies for Inclusion', International IDEA, Stockholm, 2021b, unpublished

Poore, G., '2021 Myanmar crisis: Implications for LGBTQ people', OutRight Action International blog, 2 March 2021, <https://outrightinternational.org/myanmar-crisis-implications-lgbtqpeople>, accessed 29 March 2022

Riksförbundet för sexuellt likaberättigande (RSFL) [The National Organization for Sexual Equality], 'Limited opportunities for LGBTQI people in Myanmar', 21 December 2021, <https://www.rfsl.se/en/organisation/international/limited-opportunities-for-lgbtqi-people-inmyanmar>, accessed 29 March 2022

Search for Common Ground, *Youth Impact in Shaping Policy & Social Cohesion in Myanmar: Final External Report: Participatory Youth Workshop on the National Youth Policy*, 18 December 2018, <https://www.sfcg.org/wp-content/uploads/2019/03/SFCG-Youth-Policy-Workshop-Report-18Dec2018-Ext-final-Janice-Freeman.pdf>, accessed 18 March 2022

United Nations Development Programme (UNDP), *Enhancing Youth Political Participation throughout the Electoral Cycle: A Good Practice Guide* (New York: UNDP, 2013), <https://www1.undp.org/content/dam/undp/library/Democratic%20Governance/Electoral%20Systems%20and%20Processes/ENG_UN-Youth_Guide-LR.pdf>, accessed 18 March 2022

—, *Strengthening Women's Political Participation: Highlights of the Impact of Women's Parliamentary Networks in Eastern Europe and Central Asia* (Istanbul: UNDP, 2016), <https://www1.undp.org/content/dam/rbec/docs/undp-rbec-strengthening-women-political-participation.pdf>, accessed 18 March 2022

Wah, E., 'Ethnics March Together General Strike—Nationalities Committee Against Coup', BNI Multimedia Group, 17 March 2021, <https://www.bnionline.net/en/news/ethnics-marchtogether-general-strike-nationalities-committee-against-coup#>, accessed 21 April 2022

## ဆက်လက်လေ့လာရန် စာအုပ်အညွှန်း

Bisarya, S., *Protection Ethnic Minorities within Minorities*, Constitution Brief (Stockholm: International IDEA, 2020), <https://www.idea.int/publications/catalogue/protecting-ethnic-minorities-within-minorities>, accessed 30 March 2022

Dziedzic, A., *Consultation, Deliberation and Decision-Making: Direct Public Participation in Constitution-Building*, Constitutional Insights No. 4 (Stockholm: International IDEA/Melbourne Forum on Constitution Building, 2020), <https://www.idea.int/publications/catalogue/consultation-deliberation-and-decision-making-direct-public-participation>, accessed 30 March 2022

International IDEA, *Constitution Assessment for Women's Equality* (Stockholm: International IDEA, 2016), <https://www.idea.int/publications/constitution-assessment-womens-equality>, accessed 30 March 2022

## အတိုကောက်မှတ်စု

| | |
|---|---|
| **CDM** | civil disobedience movement (အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) |
| **CEDAW** | Convention on the Elimination of All Forms of Discrimination against Women (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း) |
| **CESCR** | International Covenant on Economic, Social and Cultural Rights (နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးစာချုပ်) |
| **CRPH** | Committee Representing Pyidaungsu Hluttaw (ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြု ကော်မတီ) |
| **EAO** | ethnic armed organization (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) |
| **EMB** | electoral management body (ရွေးကောက်ပွဲစီမံကျင်းပရေးအဖွဲ့) |
| **ERO** | ethnic resistance organization (တိုင်းရင်းသားတော်လှန်ရေးအဖွဲ့) |
| **FDC** | Federal Democracy Charter (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်) |
| **FPTP** | first past the post (မဲများသူနိုင်စနစ်) |
| **LGBTQI** | အမျိုးသမီးလိင်တူစုံမက်သူ (lesbian)၊ အမျိုးသားလိင်တူစုံမက်သူ (gay)၊ လိင်တူလိင်ကွဲစုံမက်သူ (bisexual)၊ လိင်ပြောင်း (transgender)၊ နပုလိင် (queer) နှင့် ကြားလိင် (intersex) |
| **MOWYCA** | Ministry of Women, Youths and Children's Affairs (အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန) |
| **NLD** | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| **NSPAW** | National Strategic Plan for the Advancement of Women (အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း) |
| **NUCC** | National Unity Consultative Council (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ) |
| **NUG** | National Unity Government (အမျိုးသားညီညွတ်ရေးအစိုးရ) |
| **PR** | proportional representation (အချိုးကျကိုယ်စားပြုစနစ်) |
| **WAC** | Women Advocacy Coalition (အမျိုးသမီးမဟာမိတ်အဖွဲ့) |

## စာရေးသူများ၏ ကိုယ်ရေးအကျဉ်း

**Nathalie Ebead** သည် International IDEA ၏ Myanmar MyConstitution စီမံကိန်း ဆိုင်ရာ ပရိုဂရမ်မန်နေဂျာ ဖြစ်သည်။ Ebead သည် ဥရောပသမဂ္ဂ ရန်ပုံငွေအထောက်အပံ့ခံ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ အခြေစိုက် STEP Democracy – ရှေ့သို့မြန်မာ (Support to Elections and Democracy Programme) တွင် International IDEA ၏ ပရိုဂရမ်မန်နေဂျာ အဖြစ်လည်း ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း International IDEA ၏ ဒီမိုကရေစီရေးရာ ဆန်းစစ်ရေး၊ စိစစ်လေ့လာရေးနှင့် အကြံပေးရေး (DAAA) ယူနစ်ကို ထူထောင်ကာ စီမံခန့်ခွဲခဲ့ပြီး မဟာဗျူဟာလမ်းစဉ်လည်း ချမှတ်ပေးခဲ့ပါသည်။ ထို့အပြင်လည်း Ebead သည် International IDEA ၏ အထူးထင်ရှားသော ထုတ်ဝေမှုဖြစ်သည့် ကမ္ဘာ့ဒီမိုကရေစီအခြေအနေ (ပထမအကြိမ် တည်းဖြတ်မှု) နှင့် ၎င်း၏ နောက်ဆက်တွဲ စာတမ်းများ

ဖြစ်ကြသည့် ကမ္ဘာ့ဒီမိုကရေစီအညွှန်းကိန်း စာစဉ်များကိုလည်း သဘောတရားချမှတ်ပြီး စီစဉ်ထုတ်ဝေပေးခဲ့သည်။

**Atsuko Hirakawa** သည် International IDEA ၏ ဒီမိုကရေစီ ဆန်းစစ်လေ့လာရေးယူနစ် (Democracy Assessment Unit) ဆိုင်ရာ ပရိုဂရမ် အရာရှိတစ်ဦးဖြစ်သည်။ ဥရောသမဂ္ဂ ရန်ပုံငွေ အထောက်အပံ့ခံ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ အခြေစိုက် STEP Democracy – ရှေ့သို့မြန်မာတွင် ဂျန်ဒါရေးရာ တာဝန်ခံအဖြစ်လည်း ယခင်ကဆောင်ရွက်ခဲ့ဖူးပါသည်။ International IDEA တွင် ဝင်ရောက်မလုပ်ကိုင်မီက ကုလသမဂ္ဂ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲ၊ အထူးသဖြင့် ဂျန်ဒါ တန်းတူညီမျှရေး အလေးပေးကိစ္စများ၊ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေး၊ လူထုနှင့်ထိတွေ့ဆက်ဆံရေး၊ စွမ်းရည်မြှင့်တင်ရေးနှင့် ကွင်းဆင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပါသည်။ အီသီယိုးပီးယား၊ အာမေးနီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဟေတီ၊ အာဖကန်နစ္စတန်၊ တန်ဇန်းနီးယား၊ ဆာရာလီယွန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း အလုပ်လုပ်ခဲ့ဖူးပါသည်။


## မှတ်တမ်းတင်အသိအမှတ်ပြုခြင်း

ဤစာတမ်းကို ပြုစု၍ ပုံနှိပ်ထုတ်ဝေနိုင်ရန် အောက်ဖော်ပြပါအဖွဲ့အစည်းများက ပံ့ပိုးမှုပေးခဲ့ပါသည်။

**MyConstitution**

MyConstitution စီမံကိန်းသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့၏ တစ်စိတ်တစ်ဒေသ အဖြစ် ပြည်တွင်းတွင် ဖြစ်ထွန်းပေါ်ပေါက်သော၊ အသိပညာပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပတ်ဝန်းကျင်/ယဉ်ကျေးမှုဖြစ်ပေါ်လာရေး ဦးတည်ရည်ရွယ်လျက် လုပ်ငန်းများဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံမှ အကျိုးသက်ဆိုင်ပါဝင်သူများ၏ လိုအပ်ချက်အပေါ်အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သူများအတွက် ကျွမ်းကျင်သူများ၏ အကြံပေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးပါသည်။ ဤလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဤဖွဲ့စည်းပုံအခြေခံဥပဒေ စာတမ်းတို စာစဉ်တွဲကို ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။

Ministry for Foreign Affairs of Finland

LUXEMBOURG AID & DEVELOPMENT

Norwegian Embassy

Sweden Sverige


## ရှင်းလင်းချက်


International IDEA က ထုတ်ဝေသော စာအုပ်စာတမ်းများသည် တစ်စုံတစ်ရာ၊ တစ်စုတစ်ဖွဲ့ကို သီးသန့်ဦးတည်သည့် အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ ကင်းရှင်းပါသည်။ ဤစာတမ်းတွင်ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ဘုတ်အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ ရှုမြင်ပုံများကိုလည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။ ဤစာတမ်းတွင် သုံးနှုန်းသည့် နိုင်ငံအမည်များနှင့် နယ်မြေဒေသအမည်များသည် ယင်းတို့၏ ဥပဒေကြောင်း အဆင့်အတန်း သို့မဟုတ် မူဝါဒနှင့် စပ်လျဉ်း၍ International IDEA၏ တရားဝင် ရပ်တည်ချက်ကို ကိုယ်စားမပြုပါ။


## ပုံနှိပ်ခြင်းဆိုင်ရာ အချက်အလက်များ


© 2022 International Institute for Democracy and Electoral Assistance

ဤစာတမ်း အီလက်ထရောနစ် မူကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NCSA 3.0) လိုင်စင်ဖြင့် ရယူနိုင်ပါသည်။ ငွေကြေးရယူ ရောင်းချရန် မဟုတ်ပါက အရင်းအမြစ် ရည်ညွှန်းချက်ကို မှန်ကန်စွာဖော်ပြပြီး မိတ္တူကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်းများအပြင် ဖြတ်တောက်၍ ပြန်လည်ပေါင်းစပ်ခြင်း၊ ဆီလျော်အောင် ပြုပြင်ခြင်းများကို လွတ်လပ်စွာလုပ်ဆောင်နိုင်ပါသည်။ အထက် ဖော်ပြပါလိုင်စင်ဖြင့်ပင် ဆက်လက်၍ ဖြန့်ချိရမည်ဟူသော သတ်မှတ်ချက်ကိုမူ လိုက်နာရပါမည်။

နောက်ထပ် သိရှိလိုသည်များ ရှိပါက အင်တာနက်လိပ်စာ <http://creativecommons.org/licenses/by-nc-sa/3.0/>ရှိ Creative Commons ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။



ISBN: 978-91-7671-558-1 (PDF)

DOI: https://doi.org/10.31752/idea.2022.41


## ဆက်သွယ်ရန် -


**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int